ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် သောကြာနေ့။ Friday, 2 October 2026 ၁၂၃၁၉

မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဆုပေးအပ်ချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင် တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲမှူးကြီးရန်နိုင်ထွန်း ကိုယ်စား ဇနီး ဒေါ်ခင်စန်းဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညို အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁

အီကွေတာအနီးရှိအပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြားတွင် တောင်ပြို လမ်းပိတ်နေရာကို လူအင်အား စက်အင်အားဖြင့် ရှင်းလင်းဆောင်ရွက်ရာ ယနေ့ညနေပိုင်းတွင် ယာဉ်များဖြတ်သန်းသွားလာနိုင်

စာမျက်နှာ » ၁၂

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၁

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း ရေကျော်ခြင်းများဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့အပါအဝင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကြောင့် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်

နေပြည်တော် အောက်တိုဘာ ၁

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး စခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ တပ်မတော်(ရေ)မှ တာဝန်ရှိသူများ ဦးဆောင်သည့် စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

မလေးရှားနိုင်ငံရောက် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက လက်ခံကြိုဆိုစဉ်။

ကြေးမုံ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်မှုများဝိုင်းဝန်းဖော်ထုတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်အတွက် နှောင့်ယှက်ဖျက်ဆီးမှုမှန်သမျှကို နိုင်ငံတော်အစိုးရက ဖော်ထုတ်တားဆီးအရေးယူဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသော ပြည်သူများကလည်း ဝိုင်းဝန်းဆန့်ကျင် ရှုတ်ချတိုက်ဖျက်ကြရမည်ဖြစ်သည်။

လက်ရှိတွင် ပြည်တွင်း၊ ပြည်ပမှ အကြမ်းဖက်အဖျက်သမားများက တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ အုပ်ချုပ်ရေးယန္တရား မတည်ငြိမ်မှုဖြစ်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများက မျက်ခြည်မပြတ် ရှာဖွေတိုက်ဖျက်လျက်ရှိသည်။ ပြည်တွင်း၌ နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန်နှင့် လူမှုစီးပွားဘဝများ မတည်ငြိမ်မှုဖြစ်ပေါ်လာစေရန်အတွက် လူမှုကွန်ရက်စာမျက်နှာအမျိုးမျိုးပေါ်မှ အမုန်းတရားများ၊ နိုင်ငံတော်အပေါ် အကြည်ညိုပျက်စေရန်ကိစ္စများ၊ သတင်းတု၊ သတင်းမှားများကို လုပ်ကြံဖန်တီးဆောင်ရွက်နေကြသူများအား ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသော်လည်း NUG နှင့် PDF အကြမ်းဖက်အဖွဲ့များက နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထား၍ ဖမ်းဆီးနှိပ်စက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများ၊ အများပြည်သူပိုင် အဆောက်အအုံများနှင့် လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိရာ အချို့အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများကလည်း လူမှုကွန်ရက်များမှတစ်ဆင့် တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ဝင်ငွေရှာဖွေခြင်း၊ အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်စေရန် အလှူငွေများကောက်ခံပြီး အားပေးကူညီထောက်ပံ့ပေးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်ရေးယန္တရားများပျက်ပြားစေရန် ရည်ရွယ်လှုံ့ဆော်ခြင်းများ၊ ဝါဒဖြန့်ခြင်းများ၊ အကြမ်းဖက်အဖွဲ့များအား အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုများပြုလုပ်ကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကို မကြာသေးမီရက်ပိုင်းအတွင်းက ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့သည်။ အချို့သောအကြမ်းဖက်အားပေးသူများသည် လူမှုကွန်ရက်ပေါ်မှ အလှူငွေများထည့်ဝင်ရေး ပြည်သူများအား စည်းရုံးလှုံ့ဆော်ခြင်း၊ အချို့သောလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် တရားမဝင် ကုန်ပစ္စည်းများရောင်းချနိုင်ရန် ပြည်တွင်း၌ နေထိုင်သူအချို့က ဝယ်ယူရောင်းချခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးမှုများပြုလုပ်ခဲ့ကြရာ အကြမ်းဖက်မှုကို မလိုလားသောပြည်သူများ၏ သတင်းပေးပို့မှုဖြင့် ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

မျက်မှောက်ကာလတွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူမှုကွန်ရက်များ အသုံးချလုပ်ကိုင်ဆောင်ရွက်မှုအပေါ် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ လူမှုကွန်ရက်ကိုအသုံးချပြီး မှန်မှန်ကန်ကန် ဆောင်ရွက်နေကြသူများရှိသလို အွန်လိုင်းလိမ်လည်မှုများနှင့် အကြမ်းဖက်အားပေးထောက်ပံ့ကူညီသည့် လုပ်ငန်းများတွင် ပါဝင်ပတ်သက်မှုမရှိစေရန် အထူးသတိပြုရမည်ဖြစ်သည်။ အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ပတ်သက်မိပါက ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး အကြမ်းဖက်အားပေးသော လုပ်ငန်းများတွင် ပါဝင်ပတ်သက်မိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူခံရမည်ကို သတိပြုရမည်ဖြစ်သည်။ မကြာသေးမီက အွန်လိုင်းပေါ်မှတစ်ဆင့် တရားမဝင်အလှကုန်ပစ္စည်းများနှင့် ရတနာပစ္စည်းများရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများ၊ တရားမဝင်ငွေကြေးလွှဲပြောင်းပေးသူများ၊ အကျိုးတူပူးပေါင်းလုပ်ကိုင်ကြသူများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်က တိုင်းပြည်တည်ငြိမ်အေးချမ်းမှု တိုးတက်ခိုင်မာလာစေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများကို ထိရောက်စွာတိုက်ဖျက်လျက်ရှိရာ ယခုအခါ တည်ငြိမ်အေးချမ်းမှုရရှိလာပြီဖြစ်သည်။ ထိုအချိန်တွင် ပြည်တွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်စေရန်အတွက် ပြည်တွင်း၌ နေထိုင်သူအချို့က အကြမ်းဖက်အားပေးလုပ်ငန်းအမျိုးမျိုးကို ဆက်လက်လုပ်ကိုင်ကြပါက ၎င်းတို့အနေဖြင့် အန္တရာယ်အလွန်များသည့်အပြင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးဟန့်တားရာရောက်သဖြင့် ပြည်တွင်း၌နေထိုင်ပြီး ဥပဒေချိုးဖောက်ခြင်းသည် အန္တရာယ်အလွန်ကြီးမားသည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်ခြင်းသည် မည်သည့်အခါမျှ အောင်မြင်မည်မဟုတ်သလို နိုင်ငံတော်နှင့် ပြည်သူလူထုကိုသာ ထိခိုက်နစ်နာမှုများဖြစ်စေသဖြင့် အကြမ်းဖက်အဖွဲ့များအား အားပေးကူညီထောက်ပံ့ရန် ရည်ရွယ်၍ တရားမဝင်စီးပွားရေးလုပ်ကိုင်သူများ၊ ဝယ်ယူအားပေးသူများ၊ ထိုသို့လုပ်ကိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်ပေးသူများအား သိရှိရပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များထံသို့ လျှို့ဝှက်သတင်းပေးပို့နိုင်ပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့် အကြမ်းဖက်အဖွဲ့များအား ကူညီထောက်ပံ့ရန် လူမှုကွန်ရက်များမှတစ်ဆင့် တရားမဝင်လှုံ့ဆော်သူများ၊ တရားမဝင်စီးပွားရေးလုပ်ကိုင်သူများနှင့် ကူညီဆောင်ရွက်ပေးနေသူများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်၍ အကြမ်းဖက်မှုလုပ်ငန်းများကို အားမပေးမိစေရန် အထူးသတိပြုကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၅-၉-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၇-၇-၂၀၂၆ ရက်နေ့မှ ၁၁-၉-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၃၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၂ ဦး စုစုပေါင်း ၄၉ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၅၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၇၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

အင်းစိန်မြို့နယ်၌ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၁

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်စာပေဥယျာဉ် (Book Club) အသင်းတို့ ပူးပေါင်း၍ လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဦးဆောင်မေးမြန်းဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လက်ထောက် ညွှန်ကြားရေးမှူးက ဆောင်ရွက်၍ ဖြေကြားဆွေးနွေးသူအဖြစ် အင်းစိန်မြို့နယ် စာပေဥယျာဉ် (Book Club) အသင်း ဥက္ကဋ္ဌက အမျိုးသားယဉ်ကျေးမှုသည် လူမျိုးတစ်မျိုးအတွက် အသက်ဝိညာဉ်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဖြစ်ကြောင်းစသည်တို့ကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြင့်ဦး

၁ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	**အကြီးတန်း**	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေးဝမ်းစိုး	**သတင်းထောက်များ**	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
	ယုဝါဝါ၊ သီသီမင်း၊	**အငယ်တန်း**	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	**သတင်းထောက်များ**	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဥ၊ နိုင်လင်းကြည်	**သုတေသန**	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
ဘာသာပြန်	- အောင်ကျော်ကျော်၊	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	- နီလာစိုးနှင့်အဖွဲ့
	စိုးသူရ	**အီးမေးလ်နှင့် အွန်လိုင်း**	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရ ဂုဏ်ပြုသောအားဖြင့် တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထမ်းဆောင်ခဲ့သည့် တာဝန်များကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ် သတ်မှတ်ရမည့် အခါသမယလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး ဟူသည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာ ဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ခိုင်မာအောင် တည်ဆောက်နေကြောင်း၊ ထိုသို့ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင်ဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော် မှုခင်းများကိုလည်း အလေးထားပြီး ပူးပေါင်းကာကွယ်တားဆီးဖြေရှင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ်သန့်ဇင်ဦး ကိုယ်စား ဇနီး ဒေါ်အေးသန္တာထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ Cyber Crime၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှုပ်ထွေးမှုများကို ထိရောက်စွာ ကာကွယ်တားဆီးရန်နှင့် အချိန်မီ တုံ့ပြန်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုများ မြှင့်တင်ခြင်း၊ မှုခင်းသတင်း အချက်အလက်များ စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်း ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း။

အထူးသဖြင့် ယနေ့ဒေသတွင်းနိုင်ငံများနည်းတူ ကြုံတွေ့နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတစ်ခုတည်းက ဖြေရှင်း၍မရနိုင်သည့် စိန်ခေါ်မှုများ ဖြစ်လာသည့်အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုက ပိုမို၍အရေးကြီးလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)ကို ၁၉၅၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သကဲ့သို့ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ (ASEANAPOL)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ် သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိကြောင်း၊ အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကိုထိခိုက်စေနိုင်ခြင်းကြောင့် အွန်လိုင်းလိမ်လည်မှု နည်းလမ်းများနှင့် အန္တရာယ်များကို ပြည်သူများ သိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် အရေးယူမှုများ ပြုလုပ်ကြရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ”**ကို ၂၀၂၆ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု လုပ်ငန်းလုပ်ကိုင်သည့်နေရာများ ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ၇၆၄၈၆ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၃၂၅၈ ဦးကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့် ပူးပေါင်းပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်သော လူနေအဆောက်အအုံများ အပါအဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေကုက္ကိုလ်မြို့ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အအုံ ၇၇ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်ကြောင်း၊ ယင်းသည်ရဲတပ်ဖွဲ့အတွက်ကြီးမားသည့် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

မိမိတို့ အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ရှုမြင်ပြီး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီး

စာမျက်နှာ ၄ သို့ »»

ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲမှူးစောမင်းသိန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲဒုတိယတပ်ကြပ်ရန်ကိုကိုသိန်းလှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ
ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးစစ်ဆင်ရေး (၄၁)ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်ထိ ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက်"Operation 42" ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(INCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA)စသည့်အဖွဲ့များအပြင် အိမ်နီးချင်းနိုင်ငံများ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ထိန်းချုပ်ရေးအဖွဲ့များနှင့်လည်း အနီးကပ် ပူးပေါင်းဆောင်ရွက်သည်များကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် မြန်မာကျပ်ငွေ ၂၂၀၉ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၆၀၃ သန်းကျော်)တန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်မှာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိရောက်သည့်အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု စတုတ္ထအကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ခုနှစ်သည်လည်း မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းကဏ္ဍ(၄)ရပ်တို့ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပြီး INTERPOL၊ ASEANAPOL တို့နှင့် ပူးပေါင်းပြီး လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ(MoU)များ လက်မှတ်ရေးထိုးပြီး သတင်းအချက်အလက် ဖလှယ်ခြင်းများနှင့် ဥပဒေ၊ နည်းဥပဒေများအရ အရေးယူခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမှုများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင် ဆောင်ရွက်ရမည်လည်း ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့် စည်းကမ်းတို့ကို စနစ်တကျ မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အတူ မှုခင်းပုံစံများ ပြောင်းလဲလာသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု ရဲလုပ်ငန်း(Digital Policing)၊ ရဲလုပ်ငန်းသုံးနည်းပညာ (Police Technology)၊ မှုခင်းသိပ္ပံ (Forensic Science)နှင့် ခေတ်မီစုံစမ်းစစ်ဆေးရေး နည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ မှုခင်းသတင်းအချက်အလက်များကို စနစ်တကျ စုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး အထောက်အထားအခြေပြု စုံစမ်းဖော်ထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုများကို အမြဲအလေးထား အသိအမှတ်ပြုကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်နှင့်ကိုယ်အင်္ဂါများ စွန့်လွှတ်ပေးလှူသွားခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့် ကြိုးပမ်းမှုများကို ဂုဏ်ယူလေးစား အသိအမှတ်ပြု ပါကြောင်းနှင့် လက်ရှိတွင်လည်း တာဝန်များကို စည်းကမ်းရှိရှိ၊ ရဲဝံ့စွာဖြင့် တာဝန်ယူမှုရှိစွာ ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကိုလည်း လေးစားစွာ ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၄၉၄၀ တို့ကို စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းကိုလည်း အသိပေးလိုကြောင်း။

ထို့အပြင် ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုများကို အစဉ်အမြဲ နားလည်ပံ့ပိုးပေးကြသည့် မိသားစုဝင်များကိုလည်း ပြည်သူများကိုယ်စား မှတ်တမ်းတင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် တာဝန်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့် တာဝန်ဖြစ်သည်ကို အမြဲသတိပြုကြရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့၏တာဝန်များကို စည်းကမ်းရှိစွာ၊ တာဝန်ယူမှုရှိစွာနှင့် ဥပဒေနှင့်အညီ ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးအနေဖြင့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့်စိတ်ဓာတ်များဖြင့် စနစ်တကျ အုပ်ချုပ်ကွပ်ကဲပြီး ပေးအပ်လာသည့် တာဝန်များကို မခိုမကပ်ဘဲ ကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဟူသည့် မျှော်မှန်းချက်များဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုကဲ့သို့ တည်ဆောက်ရာတွင် ခေတ်မီလက်နက်၊ အီလက်ထရောနစ် ဆက်သွယ်ရေး စက်ပစ္စည်းများ၊ လုံခြုံရေးအသုံးအဆောင်များကိုလည်း ခေတ်ကာလနှင့်လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း စွမ်းရည်မြင့်မားရေး၊ အရည်အသွေး ပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း အဂတိကင်းစင်ပြီး ပြည်သူချစ်သည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရေး အစဉ်တစိုက် လေ့ကျင့်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ အားကိုးအားထားပြုရသည့် စည်းကမ်းကောင်းမွန်သည့် တပ်ဖွဲ့ဝင်များဖြစ်အောင် အလေးထား ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခါသမယမှစ၍ ရဲတပ်ဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မိမိတို့၏တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း၊ ရဲတပ်ဖွဲ့၏ စည်းကမ်း၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာပြီး ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိသည့် ခေတ်မီရဲတပ်ဖွဲ့တစ်ရပ်အဖြစ် ဆက်လက်တိုးတက်ဖွံ့ဖြိုးလာပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီးကျော်သူ၊ ဒုတိယရဲမှူး မြင့်ဇော်နှင့် ရဲမှူးကြီး ရန်နိုင်ထွန်း၊ ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ် သန့်စင်ဦးတို့အား ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုတံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ သုံးဦးအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူနှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ တစ်ဦးအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ သုံးဦးအားလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြု မှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကိုဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲကျော်စွာတံဆိပ်ရရှိသူ ဒုတိယရဲမှူးကြီးမျိုးသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ **ရဲတပ်ဖွဲ့၏ လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရေးသည် အလွန်အရေးကြီး**

❖ **ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန် လိုအပ်**

❖ **ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမှုများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင် ဆောင်ရွက်ရမည်လည်းဖြစ်**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုသီဆို ကပြဖျော်ဖြေ

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် နိုင်ငံကျော် အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆို ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆို ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

❖ တနင်္သာရီတိုင်းဒေသကြီးမှ

မြို့နယ် ၅ မြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းအား စက်တင်ဘာလ ၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ရေကြီးရေလျှံမှုအခြေအနေများကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ ရေဖြူမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း (၃) ကျောင်း၊ ထားဝယ်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း (၂) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၂) ကျောင်း၊ လောင်းလုံးမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) (၆) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၃) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၂) ကျောင်း၊ ကိုယ်ပိုင်ကျောင်း (၁)ကျောင်း၊ သရက်ချောင်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၉)ကျောင်းနှင့် ပုလောမြို့နယ်အတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း (၁)ကျောင်း စုစုပေါင်း မြို့နယ် ၅ ခုမှ အခြေခံပညာကျောင်း ၅၆ ကျောင်းတို့ဖြစ်ကြောင်း သိရှိရသည်။

ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရေပြန်လည်ကျဆင်းသွားသည့် နေရာများရှိ စာသင်ကျောင်းများတွင် ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကျောင်းအတွင်း/အပြင်၌ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းမြေများဖယ်ရှားခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ခုံများ ပြုပြင်ခြင်း၊ စာသင်ခန်းအတွင်း/အပြင်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာယီပိတ်ထားခဲ့ရသည့် ကျောင်းများအနက် စက်တင်ဘာလ ၃၀ ရက်တွင် အခြေခံပညာကျောင်း ၁၄ ကျောင်း၊ ယနေ့တွင် အခြေခံပညာကျောင်း ၄၁ ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း ၅၅ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျန်ရှိသည့် ပုလောမြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း (ပလောက်နောက်) ကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေပြန်လည်ကျဆင်းချိန်တွင် သန့်ရှင်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀

❂ ၂၀၂၆ ခုနှစ်မှ

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

မိုး/ဇလ

မိတ္ထီလာမြို့၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က အမှတ်(၁) ရဲစခန်းဝင်းတွင် ကျင်းပရာ တာဝန်ရှိသူများက နေအိမ်လိုင်းခန်း သန့်ရှင်းမှုဆု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ဆုများ ပေးအပ်စဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လေးမျက်နှာမြို့နယ် စက်မှုလယ်ယာရုံးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

လေးမျက်နှာ အောက်တိုဘာ ၁

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်၍ လေးမျက်နှာမြို့နယ်နှင့် ဆက်စပ်ကျေးရွာများအတွင်း ရေများဝင်ရောက်ခဲ့ရာ ယခုအခါ ရေများ ပြန်လည်ကျဆင်းလာပြီဖြစ်သည့်အတွက် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး၊ ဟင်္သာတခရိုင်မီးသတ်ဦးစီးမှူး၊ လေးမျက်နှာမြို့နယ် အုပ်ချုပ်ရေးမှူးတို့ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ထွေ/အုပ်ဝန်ထမ်းနှင့် ရပ်/ကျေးစာရေး ခုနစ်ဦးတို့က မြို့နယ်စက်မှုလယ်ယာ ရုံးဝင်းအတွင်းရှိ နုန်းများ၊ သဲများ ဆေးကြော ရှင်းလင်းခြင်းကို ဆောင်ရွက်သည်။

ထို့ပြင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးဆောင်၍ မြို့ပေါ်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် လိုအပ်သည့်နေရာများတွင် ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဖော်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မင်းထက်သာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

မီတာခကောက်ခံမှုစနစ်ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး စသည်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်း အဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မီတာခ ကောက်ခံမှုစနစ် ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ရှောင်လမ်း စီမံကိန်း ဆောင်ရွက်ပေးရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေးတို့ နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေ ကြမ်း(၂)ခု အတည်ပြုခြင်း တို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လသာမဲဆန္ဒနယ်မှ ဦးလှတင့်၏ **မီတာခကောက်ခံမှု စနစ်အား ပြည်သူများအချိန်နှင့် တစ်ပြေးညီသိသော မီတာခ ကောက်ခံမှုစနစ်သို့ ပြောင်းလဲ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးကျော်က လျှပ်စစ် ဓာတ်အားသုံးစွဲသူ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိသော မီတာခ ကောက်ခံမှုစနစ်သည် လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့် စပ်လျဉ်းသည့် အချက်အလက် များကို မိနစ်ပိုင်း၊ နာရီပိုင်းအလိုက် အချိန်နှင့်တစ်ပြေးညီ အလို အလျောက် တိုင်းတာထားပြီး လျှပ်စစ်ဓာတ်အား သုံးစွဲသူနှင့် ထိန်းချုပ်ကွပ်ကဲသူတို့က သိရှိနိုင် ရန်နှင့် Online Banking မှ တစ်ဆင့် ဓာတ်အားခပေးချေနိုင် သည်အထိ စီစဉ်ချိတ်ဆက်ထား သောစနစ်တစ်ခု ဖြစ်ပါကြောင်း။

အဆိုပါ အချိန်နှင့်တစ်ပြေးညီ သိသောမီတာခကောက်ခံမှုစနစ် တွင် တပ်ဆင်ရသော မီတာများ သည် ရိုးရိုး Analouge နှင့် Digital မီတာများကဲ့သို့ လ၏အဆုံးတွင် မီတာတပ်ဆင်သည့် နေရာတွင် သွားရောက်ဖတ်ရှုရန် မလိုဘဲ၊ သိရှိလိုသည့်အချိန်တွင် Utility ၏ Control Center နှင့် Consumer တို့သည် ချိတ်ဆက်ထားသော Monitoring Display တွင်လည်း ကောင်း၊ Web Portal တွင်လည်း ကောင်း ချက်ချင်းကြည့်ရှုသိရှိနိုင် သည့် စနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများတွင် Hardware အခြေခံအဆောက် အအုံ၊ ဆက်သွယ်ရေးကွန်ရက်၊ ဆော့ဖ်ဝဲလ်နှင့် စနစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၊ လုံခြုံမှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းများ လိုအပ်မည် ဖြစ်ပါကြောင်း။

လက်ရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအတွက် တပ်ဆင်ပေး ထားသော မီတာအရေအတွက် စုစုပေါင်း ၆၉၂၇၀၉၁ လုံးရှိသည့် အနက်၊ AMI မီတာလဲလှယ် တပ်ဆင်ပြီးမီတာ ၁၃၇၃၀၇၅ လုံး ဖြစ်ပါ၍ လဲလှယ်ရန် ၅၅၅၄၀၁၆ လုံးကျန်နေပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားသုံးစွဲရန် အသစ် လျှောက်ထားသူများ အတွက် လည်း ထပ်မံလိုအပ်ပါမည်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ AMI မီတာ များ တိုးချဲ့တပ်ဆင်မှု၊ Main Server တိုးချဲ့မှု၊ Billing Server နှင့် ဘဏ်ချိတ်ဆက်မှုအတွက် Software & System Infrastructure တိုးချဲ့မှုတို့ကို နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဆိုပါအခြေခံအဆောက်အအုံ များကို အပြည့်အဝတည်ဆောက် အကောင်အထည်ဖော်နိုင်မှသာ လျှင် အချိန်နှင့်တစ်ပြေးညီသိသော မီတာခ ကောက်ခံမှုစနစ်ကို ရောက်ရှိမည် ဖြစ်ပါကြောင်း၊ ယင်းအတွက် ဆောင်ရွက်ရန် အချိန်ကာလနှင့် ဘဏ္ဍာငွေကြေး များစွာ လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံး မဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **လောင်းလုံးမြို့ပေါ် ရပ်ကွက်(၄)ခုနှင့် ဆက်စပ် ကျေးရွာများအား လျှပ်စစ် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေး ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ထားဝယ်ခရိုင် အတွင်းရှိ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူမြို့တို့၏ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ရန်အတွက် ကံပေါက်ဒေသ တွင် ၂၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ သုံးဓာတ်အားပေးစက်ရုံမှ လျှပ်စစ် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိ ပါကြောင်း၊ ဓာတ်အားပေးစက်များ မောင်းနှင်နိုင်ရန်အတွက် လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနမှ (၁) ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ သန်းခန့်ကို ခွဲဝေဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါကြောင်း။

ထားဝယ်ခရိုင် လောင်းလုံး မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ထားဝယ်-လောင်းလုံး- ဇလွတ် ဓာတ်အားလိုင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လောင်း လုံးဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဇလွတ်ဓာတ်အားခွဲ ရုံတို့အား တည်ဆောက်၍ ကံပေါက်သဘာဝဓာတ်ငွေ့ဓာတ် အားပေးစက်ရုံမှ ဓာတ်အားဖြင့် ဓာတ်အားပေးခဲ့ခြင်း ဖြစ်ပါ ကြောင်း၊ ၃၀-၉-၂၀၂၅ ရက်တွင် လောင်းလုံးမြို့ပေါ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အား ခွဲရုံအတွင်းသို့ အကြမ်းဖက်အဖွဲ့က ဝင်ရောက်၍ ပစ်ခတ်ဖျက်ဆီးမှု များကြောင့် Main Transformer နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီး၍ ဓာတ်အား ပြတ်တောက်ခဲ့ရပါ ကြောင်း။

လက်ရှိနယ်မြေအခြေအနေအရ ပျက်စီးသွားသည့် ထရန်စဖော်မာ နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်း များအား ပြန်လည်ပြုပြင်နိုင်ခြင်း မရှိသေးပါကြောင်း၊ ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်နိုင်ရေး အတွက် လိုအပ်သည့် ရန်ပုံငွေအား တနင်္သာရီတိုင်းဒေသကြီး အနီးစပ် ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထား တောင်းခံသွားမည်ဖြစ် ပါကြောင်းနှင့် နယ်မြေအခြေအနေ နှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပြန်လည် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေး နိုင်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

တမူး မဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းရောက် ရှိအောင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တမူးခရိုင်၊ တမူးမြို့နယ်အတွင်း သို့ မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်နိုင်ရန် ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီ ကလေး-တမူးဓာတ်အား လိုင်း မိုင် ၉၀ တည်ဆောက်၍ ၂၃၀ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ရမည်ဖြစ်ပြီး အဆိုပါ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသည် ခမ်းပတ်မြို့အနီးမှ ဖြတ်သန်းသွား မည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် တွင် နိုင်ငံတော်ဓာတ်အားပေး စနစ် ဖွံ့ဖြိုးတိုးတက်စေရေး နှင့် စစ်ကိုင်းတိုင်းဒေသကြီး (မြောက်ပိုင်း)သို့ လျှပ်စစ် ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး တို့အတွက် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီ သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း တွင် ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းနှင့် တမူး မြို့မှ ၄ မိုင်ခန့်အကွာ တမူး- ကလေး ကားလမ်းမကြီး အရှေ့ ဘက်ဘေး တမူးမြို့ အင်ဒိုင်း ကျေးရွာအုပ်စု ကွင်းအမှတ် OSS ကွင်းပြင်အတွင်းရှိ ဧက ၁၀၀ အကျယ်အဝန်းရှိမြေတွင် ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားခဲ့ပါ ကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ပင်မဓာတ်အားခွဲရုံ (မြေယာလျော်ကြေး ပေးအပ်နိုင် ရေးနှင့် ခြံစည်းရိုးကာရံခြင်း) လုပ်ငန်းများအတွက် တင်ဒါ ခေါ်ယူ စိစစ်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သဘောတူညီမှု ဖြင့် ၂၃၀/၆၆ ကေဗွီ တမူးပင်မ ဓာတ်အားခွဲရုံမှ တမူးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄)မိုင်နှင့် တမူးမြို့ ဇောခိကုန်းရပ် မြို့မ ရပ်ကွက် အကွက်အမှတ် ၆၃ တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံ တည် ဆောက်၍ တမူးမြို့ကို ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် လျာထားခဲ့ သော်လည်း နယ်မြေဒေသအခြေ အနေအရ လျာထားစီမံကိန်းများ ကို ဆက်လက်ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်းနှင့် နယ်မြေ ဒေသ အခြေအနေကောင်းမွန်လာ ပါက ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

နောင်ချို မဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့ နယ် တောင်ရှည်ကျေးရွာအုပ်စု သို့ ဓာတ်အားခွဲရုံ (၁)ရုံနှင့် 11 KV အစိုးရ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပေးရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က နောင်ချိုမြို့နယ်ရှိ ကံကြီးကျေးရွာသို့ ၃၃/၁၁ ကေဗွီ ရွှေညောင် ပင်မဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ နောင်ချိုမြို့တွင်းဖီဒါမှ တစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေး ထားပြီး ၁၁ ကေဗွီဓာတ်အားလိုင်း မှာ ကံကြီးကျေးရွာအထိ ၂၁ မိုင်ခန့် ရှည်လျားပါကြောင်း၊ ကံကြီးကျေးရွာမှ တောင်ရှည် ကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင်ခန့် ထပ်မံ ဆွဲရမည်ဖြစ်သဖြင့် စုစုပေါင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ၃၄ မိုင်ခန့်ရှိမည်ဖြစ်သည့် အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အား ဖြန့်ဖြူးပေးရန် နည်းပညာအရ သင့်လျော်မှုမရှိ သည့်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၁ ရုံ ထပ်မံတည် ဆောက်ရန် လိုအပ်မည်ဖြစ်ပါ ကြောင်း။

သို့ဖြစ်ပါ၍ နောင်ချိုမြို့နယ် ၏ တောင်ဘက်ခြမ်းတွင်ရှိသော တောင်ရှည် ကျေးရွာအုပ်စုအတွင်း ရှိကျေးရွာများ လျှပ်စစ်မီးရရှိရန် ၃၃ ကေဗွီ ရေလင့်ဓာတ်အားခွဲရုံမှ တောင်ရှည်ကျေးရွာအထိ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၉ မိုင်နှင့် တောင်ရှည်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၁ ရုံ တည်ဆောက်ခြင်းလုပ်ငန်း အား ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ် မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ရေးလုပ်ငန်းပြည်ထောင်စုရန်ပုံငွေ ဖြင့် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့ပေါ်ရှိ ရပ်ကွက်(၇)ခုနှင့် တပ်နယ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအား နေ့စဉ်လျှပ်စစ်မီး (၃)နာရီ ပုံမှန်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တနိုင်းမြို့အား ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် ၃ လုံး ဖြင့် လစဉ်ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်နှင့် ထပ်မံလိုအပ်သည့် စက်သုံးဆီအား မြို့မီးလင်းရေး ကော်မတီ၏ ထောက်ပံ့မှုဖြင့် ဓာတ်အားသုံးစွဲသူ ၂၄၆ ဦးအား တစ်ရက်လျှင် ၃ နာရီဖြင့် နေ့စဉ် ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပါ ကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဒီဇယ်စက်သုံးဆီ ဈေးနှုန်းများ အဆမတန် မြင့်တက်လာခြင်း၊ ဒေသတွင်ဝယ်ယူရန် ခက်ခဲလာ ခြင်း၊ ဓာတ်အားခများ တိုးမြှင့် ကောက်ခံသော်လည်း စက်သုံးဆီ ထောက်ပံ့ရန် အဆင်မပြေခြင်းတို့ ကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့နှင့် မြို့မီးလင်းရေးကော်မတီ များပါဝင်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ် မေလတွင် မြို့မီးလင်းရေး ကော်မတီအား ဖျက်သိမ်းခဲ့ပြီး ဌာနဒီဇယ်ဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်သာ မောင်းနှင် ဓာတ်အားပေးခဲ့ရပါကြောင်း။

ထို့ပြင် ဒီဇယ် ဓာတ်အားပေး စက် ၃ လုံးရှိသည့်အနက် ၂ လုံးမှာ စက်မောင်းသက်တမ်း ကြာမြင့် လာခြင်းကြောင့် ချို့ယွင်းခဲ့ပြီး မီးစက်ကုမ္ပဏီများမှ ကျွမ်းကျင်သူ များကလည်း နယ်မြေအခြေအနေ ကြောင့် သွားရောက်ပြုပြင်နိုင်မှု မရှိသဖြင့် ကျန်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေး စက် ၁ လုံးဖြင့်သာ ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့် မောင်းနှင်၍ အုပ်စု ၃ စုခွဲကာ အုပ်စု ၁ ခုလျှင် ၁ နာရီ ၁၅ မိနစ်ခန့် အလှည့်ကျ ဓာတ်အား ဖြန့်ဖြူးပေးခဲ့ရပါ ကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့ပေါ် ရပ်ကွက်များ နေ့စဉ်လျှပ်စစ်မီး ၃ နာရီရရှိရေးအတွက် နယ်မြေ အခြေအနေ ကောင်းမွန်ချိန်တွင် ကျွမ်းကျင် ပညာရှင်များအား စေလွှတ်ပြီး ချို့ယွင်းလျက်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အား ပေးစက် ၂ လုံးအား ပြန်လည် ပြုပြင်နိုင်ရေး ဆောင်ရွက်သွား မည်ဖြစ်ပြီး ဖျက်သိမ်းခဲ့သော တနိုင်းမြို့မီးလင်းရေးကော်မတီ အား ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြား သည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့ရှောင်လမ်းစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် လမ်းကြောင်းအရှည်မှာ ၁၄ မိုင် ၂ ဖာလုံခန့် ရှိပါကြောင်း၊ မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်မည်ဆိုပါက လမ်းနယ်အကျယ် သတ်မှတ်ချက်မှာ ပေ ၁၅၀ ဖြစ်ပါသဖြင့် လမ်းနယ်ဧရိယာမှာ ၂၅၉ ဧကခန့်ရှိမည်ဖြစ်ပြီး ယာမြေ ၂၂၅ ဧကနှင့် လယ်မြေ ၃၄ ဧကဖြစ်ပါကြောင်း၊ လမ်းနယ် သတ်မှတ်သိမ်းသွင်းနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြေယာ သိမ်းဆည်းခြင်းနှင့် မြေယာလျော်ကြေးများ ပေးချေခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရေး တည်ဆောက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက် ဒီဇိုင်းတိုင်းတာပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအသစ်ဆောင်ရွက်ရန် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိုးနဲမြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံကို ကွင်းရှောင်နိုင်ရန် မြို့ရှောင်လမ်းအား ၁၄ မိုင် ၂ ဖာလုံ ဖောက်လုပ်ရမည် ဖြစ်ခြင်း၊ လယ်ယာမြေ ၂၅၉ ဧကအတွက် လယ်ယာမြေ လျော်ကြေးများ ပေးချေရမည်ဖြစ်ခြင်း အစရှိသည့် မြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့်ကုန်ကျစရိတ်များစသည့် အချက်အလက်များအား တွက်ချက်စဉ်းစား သုံးသပ်ပြီးမှ သာလျှင် ဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် လက်ရှိအခြေအနေအရ ယာဉ်သွားလာမှု အတွက် ကောင်းစွာလုံလောက်မှုရှိခြင်းတို့ကြောင့် လတ်တလောတွင် မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်း-သာရဝေါ်သွား မဟာဗျူဟာလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း (သို့မဟုတ်) အကြီးစား ပြင်/ထိန်း ပြုလုပ်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း-သာရဝေါ်သွား မဟာဗျူဟာလမ်းသည် လက်ပံတန်းမြို့နှင့် ဧရာဝတီမြစ်ကမ်းပါးရှိ ကျုံလဟာကျေးရွာသို့ ဆက်သွယ်ထားသည့် ၂၀ မိုင် ၂ ဖာလုံအရှည်ရှိသော လက်ပံတန်း-ကျုံလဟာလမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄ မိုင် ၁ ဖာလုံနှင့် ကျောက်ခင်းလမ်း ၄ မိုင် ၃ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ၊ လမ်းအောက်ခံမြေပြုပြင်၍ ဒု-အခြေခံလွှာခင်းခြင်း ၄ ဖာလုံ လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်နေသော နေရာများအား သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပျက်စီးနေသော လမ်းပိုင်း ၁ မိုင်အား ကျောက်ခင်းလမ်း ခင်းနိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းအား နှစ်အလိုက် အဆင့်ဆင့် တိုးမြှင့်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့နယ်၌ ဘဏ္ဍာရေးနှစ် (၁)နှစ်လျှင် ကွန်ကရစ်လမ်း (၃) မိုင်မှ (၅) မိုင်ခန့် ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းပျဉ်း-မက်မန်း လမ်းသည် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှ မက်မန်းခရိုင် မက်မန်းမြို့နယ်အထိ ၆၇ မိုင် ၆ ဖာလုံအရှည်ရှိသော မိုင်းပျဉ်း-မက်မန်းလမ်း၏ လမ်းပိုင်းတွင်ပါဝင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းသည် ၄၆ မိုင် ၇ ဖာလုံ အရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၂၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၆ ဖာလုံနှင့် အမာခံလမ်း ၁၄ မိုင်ရှိပါကြောင်း။

မိုင်းပျဉ်း-မက်မန်း လမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း ၂ ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်းပိုင်းများတွင် ခွဲကျောက်ဖြင့် လမ်းမျက်နှာပြင်ပြုပြင်ခြင်း ၂ မိုင် ၄ ဖာလုံလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်အလိုက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေး မဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေး-ကြိမ်ချောင်းကြီးလမ်းပိုင်းနှင့် ကြိမ်ချောင်းကြီး-ကဒုံကနိလမ်းပိုင်းတို့အား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းသည် ၂၀၀၈ ခုနှစ် နာဂစ်ကာလအပြီး ဖောက်လုပ်ခဲ့သော နာဂစ်လမ်းကွန်ရက် (၁၁)လမ်းအနက်မှ အမှတ်(၅) လမ်းဖြစ်ပြီး လမ်းအရှည် ၄၂ မိုင်ရှိသည့် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေအကျယ် ကတ္တရာလမ်း ၂ ဖာလုံ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၅ မိုင်၊ ၁၆ ပေအကျယ် အမာခံလမ်း ၂၆ မိုင် ၆ ဖာလုံဖြစ်ပြီး ကောင်းမွန်သော အပိုင်း ၆ ဖာလုံ၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၄ ဖာလုံနှင့် ပျက်စီးမှုများပြားသော အပိုင်း ၃၄ မိုင် ၆ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ၄ ဖာလုံနှင့် ပျက်စီးနေသော အမာခံလမ်းအား ပြုပြင်ခြင်း ၁ မိုင် ၁ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းပေါက်နှင့် ကျောက်လမ်းပေါက်များ ပြုပြင်ခြင်းအား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အမာခံလမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း ၂ မိုင် လျာထားသွားမည်ဖြစ်ပြီး နှစ်လတ်မူဘောင် ၃ နှစ်စီမံကိန်းတွင်လည်း အမာခံလမ်းမှ ကတ္တရာလမ်းခင်းခြင်း ၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မကွေး မဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ် ဂဲကြီးကုန်း၊ ယင်းကွေ့ချောင်းနှင့် လက်ပံတို ကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မကွေး-တောင်တွင်းကြီးလမ်းမှ ဂဲကြီးကုန်း-ယင်းကွေ့ချောင်း-လက်ပတို လမ်းသည် ရန်ကုန်-ပြည်-မန္တလေး လမ်းမှ ခွဲထွက်ပြီး ဂဲကြီးကုန်းကျေးရွာ၊ လက်ပတိုကျေးရွာ၊ ယင်းကွေ့ချောင်း ကျေးရွာများအား ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၇ ဖာလုံရှိသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏အခြေအနေမှာ အမာခံလမ်း ၉ မိုင် ၇ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်း လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် လမ်းအရှည် ၁ မိုင် ၄ ဖာလုံကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသော အမာခံ လမ်းပိုင်းကိုလည်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေး မဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး-ဂန့်ဂေါလမ်းရှိ ကမ္မားနီသံကူကွန်ကရစ်တံတား ဆောက်လက်စအား ရပ်နားထားခဲ့သဖြင့် မည်သည့် ဘဏ္ဍာနှစ်တွင် ပြန်လည် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ-ကလေးလမ်း မိုင်တိုင် ၅၁ မိုင် ၄ ဖာလုံနှင့် ၅၁ မိုင် ၆ ဖာလုံအကြားရှိ ကမ္မားနီတံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ရပ်ဆိုင်းခဲ့ပါကြောင်း၊ ကမ္မားနီ တံတားအသစ်၏ လုပ်ငန်းရပ်နားသည့် အချိန်တွင် တံတားတစ်စင်းလုံး ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တံတား တည်ဆောက်ခြင်း လုပ်ငန်း၏ အောက်ခြေအုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တံတားအပေါ်ထည်လုပ်ငန်းဖြစ်သည့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ယက်မ ၅ လုံး ထုတ်လုပ်ပြီးစီးပြီး ပေ ၃၀ သံကူကွန်ကရစ်ကြမ်းခင်း (၁)ခန်း ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ ကမ္မားနီတံတား ကျန်ရှိသော တည်ဆောက်ရေးလုပ်ငန်းများအား လတ်တလောပြန်လည် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြား

နေပြည်တော် အောက်တိုဘာ ၁

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့်တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များက လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၌လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပသည်။

ပြောကြား

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်း တင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးသောင်းရွှေ၏ **ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာတွင် တိမ်ကောနေသော ကန်ဦးရေကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကန်ဦးရေကန်သည် ဘုရားငါးဆူကျေးရွာ နယ်နိမိတ်အတွင်း တည်ရှိပြီး ကျေးရွာသောက်သုံးရေကန်မဟုတ်ဘဲ ကြွယ်လုလင်လေးကျေးရွာနှင့် ပင်ကတောကျေးရွာတို့၏ လယ်မြေများအတွက် စိုက်ပျိုးရေ ရယူအသုံးပြုသည့် ရေကန်ဖြစ်ပါကြောင်း၊ လယ်မြေဧက ၁၂၀ ခန့် အတွက် အကျိုးပြုပြီး ရေနေဧရိယာ ၂ ဒသမ ၃၆ ဧကခန့်နှင့် ရေနေအနက် ပျမ်းမျှပေ ၂၀ ခန့်ဖြစ်ပြီး ချုံနွယ်များ ပိတ်ဆို့နေပါကြောင်း။

အဆိုပါရေကန်ကြောင့် စိုက်ပျိုးရေအပြင် မြေအောက်ရေအောင်းလွှာကို အထောက်အကူဖြစ်စေပြီး အနီးကျေးရွာများမှ တွင်းတိမ်များ၊ လက်တူးတွင်းများမှာ နွေရာသီ ရေပြတ်လပ်ခြင်းမရှိနိုင်ပါသဖြင့် ဒေသခံများအနေဖြင့် နှစ်စဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်ပါကြောင်း၊ ရေကန်ဧရိယာအတွင်းရှိနေသည့် ချုံနွယ်နှင့် အမှိုက်သရိုက်များ ဖယ်ရှားနိုင်ရေးအတွက် ကျေးရွာလူထုသို့ အသိပညာပေး ဆွေးနွေးကာ ရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေကန်အား ပြုပြင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် သန်း ၂၀ ခန့် ရှိမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စုမှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ကွဲဒပ်ကျေးရွာ ကျောက်ချပ်ကျေးရွာအုပ်စုအထိ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့စေပြီး အများပြည်သူ အကျိုးရှိစေမည့် အကွာအဝေး ၁၃ မိုင် ၂ ဖာလုံခန့်ရှိသော ကုန်စည်ပို့ဆောင်ရေးလမ်းမကြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်သို့ ဆက်သွယ်သော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် လမ်းပိုင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပိုင်း ၂ ခု ပါဝင်ပါကြောင်း။

ရွာငံမြို့နယ် ပဲရင်းတောင် - နန်းခုံ မြေသားလမ်း ၁ မိုင်၊ ၄ ဖာလုံ အပိုင်းမှ ပျက်စီးလျက်ရှိသော ၄ ဖာလုံအား သွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ သာစည်မြို့နယ်အပိုင်းမှ ပျက်စီးလျက်ရှိသော မြေသားလမ်း ၅ မိုင် ၅ ဖာလုံသည် ပျမ်းမျှအကျယ် ၈ ပေခန့်သာရှိသော လမ်းဖြစ်ပါကြောင်း၊ နယ်မြေကွင်းဆင်းဆောင်ရွက်ပြီးမှသာ တိုင်းဒေသကြီး ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သာစည်မြို့နယ် လမ်းပိုင်းဖြစ်သည့် လည်ခေါင်း - ကြပ်စခန်း လမ်းပိုင်း ၃ မိုင် ၁ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းဖြစ်ပါကြောင်း၊ မိတ္ထီလာ - သာစည် - တောင်ကြီး လမ်းနှင့် ကျေးရွာများသို့ တိုက်ရိုက်ချိတ်ဆက်သော လမ်းဖြစ်ပါကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေး လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းပိုင်းမှ ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ လက်ခုတ်ပင်၊ ပင်လယ်သက်၊ စကား၊ ခံကုန်း၊ ပန်းလွှား၊ တောပုတ်ကုန်း၊ ဘုမ္မနိုးကျေးရွာများရှိ လမ်းအရှည် ၈၀၆၂ ပေရှိပြီး အကျယ် ၁၂ ပေရှိသော ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ခုတ်ပင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန်အတွက် လက်ရှိလမ်း အကျယ် ၁၂ ပေခန့်သာရှိပါကြောင်း၊ လိုအပ်သော လမ်းအကျယ်ပေ ၃၀ ပြည့်မီစေရန်အတွက် မြေနေရာရရှိရေးကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ဂျုံးဇာ အဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရရှိသည့်အချိန်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ် ခန့်မှန်းခြေ တွက်ချက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနေရာလှူဒါန်းမှု မရရှိသေးခြင်း၊ နယ်မြေကွင်းဆင်းစစ်ဆေးနိုင်မှု မရှိသေးခြင်းတို့ကြောင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့်ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားအစား နှစ်ဖက် မော်တော်ယာဉ် သွားလာနိုင်သော အဆင့်မြင့်ချောင်းကူးတံတားအသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-A အဆင့် လမ်းပေါ်တွင် တည်ရှိသည့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားဖြစ်ပါကြောင်း၊ အရှည် ၂၀၈ ပေ ၊ အကျယ် ၇ ပေ ၊ အမြင့် ၁၈ ပေ ရှိသော ကွန်ကရစ်တိုင် သံပေါင်ရက်မ C Channel ကြမ်းခင်းတံတားဖြစ်ပါကြောင်း။

လှည်းကူး - ဖောင်ကြီးလမ်းမဆီသို့ ဖောင်ကြီးအရှေ့ကျေးရွာ ကွန်ကရစ်လမ်းနှင့် ငမိုးရိပ်ဆည်သို့ သွားသော ကတ္တရာလမ်းမှလည်းကောင်း၊ ဖောင်ကြီးအနောက်ကျေးရွာ ဈေးအဝင် ကွန်ကရစ်လမ်းမှလည်းကောင်း အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း၊ လက်ရှိအချိန်တွင် လူကူးတံတားမှာ ကောင်းမွန်ခိုင်ခံ့နေပြီး ဆက်သွယ်ရေး ပြတ်တောက်မှု မရှိသေးသဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၁၂၀ ၊ အကျယ် ၁၄ ပေရှိ ယိုယွင်းပျက်စီးနေသော သစ်သားကြမ်းခင်းတံတားအစား ကြံ့ခိုင်မှုရှိသော သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းသည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (B) အဆင့်လမ်း ဖြစ်ပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ အရှည် ပေ ၁၂၀ ရှိသော သစ်သားကြမ်းခင်းတံတား ဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ်တွင် INGO အဖွဲ့ဖြစ်သည့် World Vision မှ ကျေးရွာနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားကြမ်းခင်းတံတားအား ကျေးရွာမှ ၅ ကြိမ်ခန့် ပြင်ဆင်ထိန်းသိမ်းထားသဖြင့် ယခုအချိန်တွင် သွားလာ၍ အဆင်ပြေလျက်ရှိသော်လည်း ခိုင်ခံ့မှု၊ စိတ်ချရမှု အားနည်းနေကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါ တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အလျားပေ ၂၀၀ ရှိ "ထန်းတပင်ကြိုးတံတား" အား ပိုမိုကြံ့ခိုင်ကျယ်ဝန်းပြီး ဘေးအန္တရာယ်ကင်းရှင်းသော ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ထန်းတပင်ကျေးရွာနှင့် ချောင်းတွင်းကျေးရွာအကြား အင်းချောင်းအား ဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်ခန့်က ဆောင်ရွက်ခဲ့သော ကြိုးတံတားဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြိုတင်လေ့လာမှု ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောသွားလာမှုအဆင်ပြေစေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အကျိုးပြုကျေးရွာ စိုက်ကေတို့အရ လိုအပ်လျက်ရှိသဖြင့် ဘေလီတံတားတည်ဆောက်ရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးခိုင်ဝင်းအောင်က ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

စစ်ရေယာဉ်(မုတ္တမ)၌ နေရပ်ပြန်ခရီးသည်များအား Body Check ပြုလုပ်စဉ်။

နေရပ်ပြန်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။

စစ်ရေယာဉ်(မုတ္တမ)၌ နေရပ်ပြန်ခရီးသည်များအား ညစာကျွေးမွေးစဉ်။

နေရပ်ပြန်ခရီးသည်များအား ရုပ်ရှင်ပြသစဉ်။

○ မလေးရှားနိုင်ငံမှ (ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသော မြန်မာနိုင်ငံသား ၁၄၇၆ ဦးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး(ကြည်း၊ ရေ၊ လေ) တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက်၊ စစ်ရေယာဉ်များသည် စက်တင်ဘာလ ၂၉ ရက်နေ့ ညပိုင်းတွင် မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာလာမှုအား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများ ပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း တို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ရေယာဉ်များသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ရေပြင်ပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်တွင် အမိနိုင်ငံရေမြေနှင့် ကာလအတန်ကြာ ဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများကို နိုင်ငံတော် အကြီးအကဲနှင့် တပ်မတော် အကြီးအကဲများက မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် သဘော်ပေါ်တွင် လိုက်ပါလာသော ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားများအနေဖြင့် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို ဖော်ထုတ်ပြသခဲ့ကြကြောင်း၊ ခေါ်ယူရေးစီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသော မေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်လျက်ရှိကြကြောင်းလည်း သိရှိရပါသည်။

အဆိုပါ စစ်ရေယာဉ်များသည် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးအတွက် ဆိပ်ကမ်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် မိသားစုဝင်များက အသင့်စောင့်ကြို၍ နေရပ်အသီးသီးသို့ ပြန်လည်

ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း၊ မိမိနိုင်ငံအတွင်း၌ပင် မိသားစုများနှင့် အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လိုအပ်သည်များ ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

အင်တာဗျူး ၁

ဟိုမှာ အလုပ်သွားလုပ်တာပါ။ ကြာပါပြီ ၁၉၉၉ ခုနှစ်ကတည်းက ရောက်တာပါ။ အကြောင်းအမျိုးမျိုးကြောင့် ပြဿနာတက်ပြီးတော့ ဖမ်းဆီးခံရပြီးတော့ ပြန်လာတာပါ။ တိုင်းရင်းသားတွေ ထောင်ထဲမှာရော ဒီထိန်းသိမ်းရေးစခန်းမှာ လူပေါင်းများစွာလည်း ကျန်ရှိပါသေးတယ်။ ပြန်ခေါ်နိုင်အောင် ကြိုးစားပေးပါလို့။ အမိမြေနဲ့ ခွဲခွာသွားတာလည်းကြာပြီလေ လူတွေက အများကြီးပဲ စိတ်ထိခိုက်တယ်။ ဘာသာစကားမတတ် အင်္ဂလိပ်ဘာသာစကား၊ တရုတ်ဘာသာစကား မတတ်တဲ့အတွက်လည်း လူတွေ ဒုက္ခအမျိုးမျိုးရောက်ရတယ်။ သူများနိုင်ငံသွားရင် သူများဘာသာစကားတတ်မှ သူများနိုင်ငံရဲ့ ယဉ်ကျေးမှုကို လေ့လာမှ မလေးရှား နိုင်ငံသားတွေက ချစ်တာပါ။ ကိုယ့်နိုင်ငံလည်း ကိုယ့်နိုင်ငံလာရင် ကိုယ့်ဘာသာစကားကို ကိုယ်တတ်အောင်သင်မှ သူများနိုင်ငံမှာလည်း ယဉ်ကျေးမှုတွေ သူ့အလိုက်ထိုက် နေတတ်အောင်လည်းနေကြပါလို့ကျွန်တော်ပြောချင်ပါတယ်။ Camp တွေက ဖမ်းမိပြီး မြန်မာသံရုံးကို လွှဲပေးတယ်။ မြန်မာသံရုံးကနေပြီးတော့ ဒီဘက် မြန်မာနိုင်ငံလက်ထဲကို ပြန်ခေါ်ပေးတာပါ။ ဒီမှာတိုင်ရင်လည်း ဖမ်းဆီးခံရတယ်။ မှန်တာပဲဖြစ်စေ မမှန်တာပဲဖြစ်စေ ဒီနိုင်ငံမှာ တစ်နှစ်တစ်ခါ ပါမစ်ရှိတယ် သုံးနှစ်တစ်ခါ ပါမစ်ရှိတယ်။ ပါမစ်တွေက သက်တမ်းတိုးမှ ကျွန်တော်တို့က နေထိုင်ခွင့်ရတာ။ သူတို့နိုင်ငံမှာ အခွန်မဆောင်တဲ့အတွက် မလေးရှားက လဝက ဥပဒေနဲ့ ကျွန်တော်တို့ မိတယ်။ အခုလိုပြန်လာရတာ ဝမ်းသာတာပေါ့။ မိသားစုနဲ့ သားကွဲမယားကွဲ ညီအစ်ကိုမောင်နှမတွေ အဘိုးအဘွားတွေနဲ့လည်း တွေ့ချင်တာပေါ့။ ကျွန်တော်တို့ကို အခုလို ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲရော ဒီလိုလုပ်ပေးတဲ့အတွက် လူတစ်ယောက်တည်း မဟုတ်ဘူး လူပေါင်းထောင်ချီ လုပ်ပေးတဲ့အတွက် သိန်းပေါင်းများစွာလည်း ကုန်တာလည်း ကျွန်တော်တို့ သိတယ်။ ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့ ခံစားလို့ရတယ်။ ဘယ်လိုဘယ်လို လုပ်ပေးရတယ်ဆိုတာ၊ အကုန်လုံးကိုလည်း ကျေးဇူးတင်တယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ လဝကတို့၊ ဒီဘက်ရေတပ်၊ အင်ဂျင်နီယာတပ်တွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။

အင်တာဗျူး ၂

ကျွန်တော်ရမ်းဖြဲကနေပြီးတော့ ရန်ကုန်တက်တယ်။ ရန်ကုန်ကနေ မော်တောင်၊ မော်တောင်ကတစ်ဆင့် ကျွန်တော် မလေးရှားတက်တယ်။ အခက်အခဲတွေကတော့ ကြုံရတာပေါ့။ ဒါပေမဲ့ မလေးရှားရောက်တော့လည်း ဟိုအလုပ်ဒီအလုပ် အဆင်မပြေတာတွေက များတယ်။ သူဌေးတွေက အများကြီးဆိုးတယ်။ အဲဒါတွေ အဆင်မပြေဖြစ်ခဲ့တယ်။ ကျွန်တော်တို့တွေက ဆင်းရဲတော့ နည်းနည်းအခက်အခဲတွေက များတယ်။ အဲဒါကြောင့် ကျွန်တော် မလေးရှားတက်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြန်ရောက်တော့မယ်ဆိုတော့ ပျော်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့ လူတွေကတော့ နည်းနည်းအခက်အခဲရှိနေတယ်။ ဘာလို့လဲဆိုတော့ ဒီက မြန်မာတွေက အကုန်ထွက်လာတော့ မြန်မာတွေကျန်ခဲ့တဲ့ သူတွေကို နှိပ်စက်နေတာတွေ ရှိက်တာတွေ ခံနေရတာတော့ စိတ်မကောင်း ဖြစ်ရတာပေါ့။ အကုန်လုံး ကျေးဇူးတင်ပါတယ် လာခေါ်တဲ့လူတွေရော အကုန်လုံး ကျေးဇူးအများကြီး တင်ပါတယ်။

အင်တာဗျူး ၃

မလေးရှားရောက်တာ သုံးနှစ်လောက်ရှိပါပြီ။ အောက်လမ်းကနေပဲ လာတာပါ။ ကော့သောင်းကနေပြီးတော့ မလေးရှားကို ဝင်တယ် ဝင်ပြီးတော့ ဟိုရောက်တော့ **စာမျက်နှာ ၁၀ သို့** ○

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့ ဂျပန်နိုင်ငံ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီ တာဝန်ခံ မစ္စတာ ယိုရှိတာခဲ ရှိုဂို အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ် များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ရန်ကုန်မြို့ ဂျပန်နိုင်ငံ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံစဉ်။

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နည်းပြ(နည်းစနစ်)မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နည်းပြ (နည်းစနစ်)မွမ်းမံသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်ပေါင်း ၉၁ ရက် ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲတွင် အားကစားရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာ စကားပြောကြားပြီး အကောင်းဆုံး စံပြထူးချွန်ဆုရရှိ ကြသူများအား ဂုဏ်ပြုဆုများနှင့် ငွေသားဆုများကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား သင်တန်းသူ များကိုယ်စား သင်တန်းသား နှစ်ဦးအား သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် အားကစားနှင့် ကာယ ပညာသိပ္ပံ(ရန်ကုန်) ဆေးခန်း၊ မြန်မာနိုင်ငံ တက်ကွန်ဒို အဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင် လက်ရွေးစင်ကစား သမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ရန်ကုန်တိုင်းဒေသ ကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ (၃၄)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမ၊ ကရာတေး၊ ဝူရှူး၊ ခရစ်ကတ်၊ တက်ကွန်ဒို၊ ဘိလိယက်နှင့် စနူကာ၊ သေနတ်ပစ်အားကစား အဖွဲ့များ၊ (၅)ကြိမ်မြောက် အာရှမသန်စွမ်း အားကစား ပြိုင်ပွဲနှင့် (၁၄) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ အားကစားကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရန် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားအဖွဲ့များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများဖြစ်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားအားထုတ် လေ့ကျင့်သွားရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် သိမ်ဖြူလက်ဝှေ့ ရုံနှင့် ဟော်ကီအားကစားအဖွဲ့ချုပ်တို့ကို သွားရောက် ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်လမ်း Novotel Yangon Max Hotel ၌ ကျင်းပသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၆)ကြိမ်မြောက် အာရှ သဲသောင်ပြင်ပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် တက်ကွန်ဒို အားကစားသမားများအား ဂုဏ်ပြု ချီးမြှင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြန်မာတက်ကွန်ဒို အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် သိန်း ၆၀၀၊ မြန်မာနိုင်ငံ တက်ကွန်ဒိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် သိန်း ၆၀၀၊ ဧရာဝတီဘဏ်က ဂုဏ်ပြုချီးမြှင့် သည့် ငွေကျပ် သိန်း ၆၀၀၊ ကမ္ဘောဇဘဏ်က ဂုဏ်ပြု ချီးမြှင့်သည့် ငွေကျပ် သိန်း ၃၀၀၊ Rio Commodity Co.,Ltd. က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် သိန်း ၂၀၀၊ မြန်မာနိုင်ငံ တက်ကွန်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေ အတွင်းရေးမှူးတို့က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် သိန်း ၆၀၀ စုစုပေါင်းငွေကျပ် သိန်း ၂၉၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sanya မြို့တွင် ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာရှသဲသောင်ပြင်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု သုံးခုရရှိခဲ့သည့် မြန်မာတက်ကွန်ဒို အသင်းအား မြန်မာနိုင်ငံတက်ကွန်ဒိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ် သိန်း ၃၀၀ စုစုပေါင်း ငွေကျပ် သိန်း ၃၂၀၀ တို့ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ တက်ကွန်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မြန်မာ့ လက်ရွေးစင်တက်ကွန်ဒိုအသင်း အုပ်ချုပ်သူ/နည်းပြ များနှင့် အားကစားသမားများထံ ပေးအပ်ကြကြောင်း သိရသည်။

သတင်းစဉ်

❍ စာမျက်နှာ ၉ မှ

ကျွန်တော်ကားဝပ်ရှော့ပေါ့ ကားဝပ်ရှော့လုပ်ရတယ်။ အလုပ်အကိုင်လည်း အဆင်မပြေပါဘူး။ အထောက်အထားမရှိလို့ လဝကတွေ တော်တော် များများ ဖမ်းကြပါတယ်။ လဝကရောက်မှပဲ အထဲမှာ ခြောက်လလောက် ကြာတယ်။ ပြီးတော့မှ ဒီကျွန်တော်တို့ မြန်မာနိုင်ငံက ပြန်လာခေါ်တော့ ဒီမှာလိုက်ပါ လာပါတယ်။ ဘာလို့လဲဆိုတော့ အထဲမှာ တော်တော် နေရတာ စားရတာ စိတ်ဆင်းရဲတယ် ပင်ပန်းတယ်။ သံရုံးက ပြန်ရတော့မယ် ပြောတော့ ဒီတစ်လလောက် ကျွန်တော်တို့ တော်တော်ပျော်ကြတယ်။ ပြန်ရမှာလား မပြန်ရမှာလား အတိအကျမသိသေးဘူး ပျော်နေကြတယ်။ ပြန်ရမယ့် ညဆို တစ်ညလုံး အိပ်လို့မပျော်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ်က မြန်မာပြည်ပြန်ရောက်တော့မှာမို့လို့ အပြင်မှာနေတုန်းကတော့ ဘာမှမဖြစ်ဘူး။ အထဲရောက်မှ အနေဆင်းရဲတယ် အစားဆင်းရဲတယ်၊ ထွက်လာမိတာကို နောင်တတွေ အများကြီးရမိပါတယ်။ မလေးရှားကနေ ထွက်လာပြီးတော့ ကျွန်တော်တို့ သင်္ဘောဆိပ်ရောက်တော့ မြန်မာ့အလံ ကိုမြင်တာနဲ့ စိတ်ထဲမှာ မျက်ရည်တောင်ကျမိပါတယ်ဗျ။ ဒါကတော့ ပြောပြလို့မတတ်အောင် ပျော်ပါတယ်ဗျ။ ဒီမနက်က အထက်အရာရှိတွေ က မြန်မာပိုင်နက်ထဲ ရောက်ပြီဆိုတာနဲ့ အော်ပေးတယ် ကိုယ့်အိမ်ကိုယ့်ရာ ရောက်သလိုပါပဲ ငိုတဲ့လူလည်း ငိုကြပါတယ်။ ကိုယ့်အိမ်ကိုယ့်ရာ ရောက်ပြီဆိုတော့ ပျော်ကြတာပေါ့။ သင်္ဘောပေါ်မှာ အစစအရာရာ အဆင် ပြေအောင် တာဝန်ရှိသူတွေက လုပ်ထားပေးပါတယ်။ မြန်မာနိုင်ငံ အစိုးရနဲ့ ဌာနဆိုင်ရာ အသီးသီးမှ လာခေါ်ပေးတဲ့ တာဝန်ရှိတိုင်းဒေသကြီး အစိုးရတွေ၊ ဒီသင်္ဘောပေါ်မှာရှိတဲ့ အရာရှိတွေအားလုံးကိုလည်း ရင်ထဲက အတိုင်းမသိ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျ”ဟု ပြောကြား သည်။ ၁၀၀

မင်းဘူးမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး အောက်တိုဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူး မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူထု လှုပ်ရှားမှု အသိပညာပေးလုပ်ငန်း များကို စက်တင်ဘာ ၃၀ ရက် က မင်းဘူးမြို့ အမှတ် (၄) သူဌေးကုန်းရပ်ကွက် မဟာ သကျမုနိ အာရုံခံတန်ဆောင်းနှင့် ကမ်းနားလမ်း ရေလွှဲပေါက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မင်းဘူးခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး တို့က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိနှင့် တာဝန်ရှိသူ များက စည်းကမ်းမဲ့ အမှိုက် စွန့်ပစ်မှုမရှိစေရေး၊ ပင်လယ် သမုဒ္ဒရာနှင့် မြစ်ချောင်းများ အတွင်း ပလတ်စတစ်နှင့် အခြား အမှိုက်များ မစွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါ အမှိုက်သရိုက်များ ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး အသိ ပညာပေး ဟောပြောဆွေးနွေးကြ သည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ များက မင်းဘူးမြို့ အမှတ်(၄) ကမ်းနားလမ်းရေလွှဲပေါက် ရေဖိုယာ အတွင်း၌ ပလတ်စတစ်အစားထိုး ပစ္စည်းများသုံးစွဲရေး ပညာပေး လုပ်ငန်းများ ဆောင်ရွက်ကာ ဒေသခံများနှင့်အတူ ဧရာဝတီ မြစ်ကမ်းဘေး တစ်လျှောက် စုပေါင်း အမှိုက်ကောက်ခြင်း၊ ဈေးဆိုင်များ၊ စားသောက်ဆိုင် များတွင် အသိပညာပေးပိုစတာ ကပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် လူစည်ကားရာ နေရာများတွင် စနစ်တကျ အမှိုက် စွန့်ပစ်နိုင်ရေး အမှိုက်ပုံးထားရှိ ခြင်း စသည့်လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

လူတိုင်းဥပဒေအသိပညာရရှိရန် ဥပဒေရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုမှသည် တရားဥပဒေစိုးမိုးရေးဆီသို့

ဥပဒေရေးရာဝန်ကြီးဌာန

(ယမန်နေ့မှအဆက်)

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)များ ဖွင့်လှစ်ခြင်း၊ ဆင့်ပွားသင်တန်းများ ပို့ချစေခြင်း

နိုင်ငံသားတိုင်း တရားဥပဒေစိုးမိုးမှုရရှိစေရေး၊ ဥပဒေအသိပညာရရှိစေရေး၊ ဥပဒေအကာအကွယ်ကို အညီအမျှရရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်း(ToT)များ ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။ ယခုအခါ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးပေါင်း ၁၁၀၈၆ ဦးကို ToT ပေးနိုင်ခဲ့ပါသည်။ သင်တန်းများတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ဆောင်ရွက်ရန် တာဝန်ဝတ္တရားများနှင့်သက်ဆိုင်သည့် သိသင့်သိထိုက်သော ဥပဒေများအား သင်ကြားပို့ချခဲ့ပြီး ယခုအချိန်အထိ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ အထူးအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ လောင်းကစားဥပဒေ၊ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ စသည့်ဥပဒေဘာသာရပ် ၁၁ ခုကို သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်ခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်သူ ပြည်သူများအနေဖြင့် ဥပဒေနှင့်စပ်လျဉ်း၍ ကနဦးအစ အကြောင်းခြင်းရာပြဿနာများအား ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အလွယ်တကူ မေးမြန်းသိရှိနိုင်ပြီး သင်တန်းတက်ရောက်ခြင်းအားဖြင့် ဥပဒေနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိရှိခွင့်ရရှိခဲ့ပါသည်။ နိုင်ငံအနှံ့ ToT ဆင်း ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားပေးခြင်းကို သက်ဆိုင်ရာ မြို့နယ်ဥပဒေရုံး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆောင်ရွက်ရာ ဆင့်ပွားသင်တန်းတက်ရောက်ပြီးသူ ၃၀၅၈၀ ရှိကြောင်း လတ်တလောစာရင်းများအရ သိရပါသည်။

ပြည်သူတစ်ဦးသည် ယခင်က ဥပဒေနှင့်စပ်လျဉ်း၍ အလွယ်တကူသိရှိနိုင်ခြင်း မရှိသော်လည်း လက်ရှိအချိန်တွင် အနီးစပ်ဆုံး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဥပဒေနှင့်စပ်လျဉ်း၍ အကူအညီရယူနိုင်ပြီး ကနဦးအဆင့် လမ်းညွှန်ပေးနိုင်ပြီဖြစ်ပါသည်။ ထိုအချက်သည် ပြည်သူတိုင်း ဥပဒေအသိရှိရန်နှင့် ဥပဒေအကာအကွယ် အညီအမျှရရှိရန်ဟူသော နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းစဉ် အောင်မြင်မှုရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲများပြုလုပ်ခြင်း

ဥပဒေရေးရာဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများသို့ ညွှန်ကြား၍ လည်းကောင်းဥပဒေအသိပညာပြန့်ပွားရေးဟောပြောပွဲများကိုဆောင်ရွက်လျက် ယနေ့အချိန်အထိ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတွင် ဥပဒေအသိပညာများ ဖြန့်ဖြူးပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းနှင့် ဟောပြောပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများမှ ယနေ့အချိန်ထိ ဥပဒေအသိပညာ ဟောပြောပို့ချလျက်ရှိပါသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သံဃနာယကအဖွဲ့များက ဖွင့်လှစ်သော သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးများက ဘာသာရေး၊ သာသနာရေးနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သော ဥပဒေများကို ဆွေးနွေးပို့ချဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ တပ်မတော်အုပ်ချုပ်မှုသင်တန်းကျောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ ဖွင့်လှစ်သောသင်တန်းများသို့ သင်တန်းနည်းပြဆရာများ စေလွှတ်ကာ ဥပဒေအသိပညာဆွေးနွေးပို့ချဖြန့်ဖြူးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

> **ပြည်သူတစ်ဦးသည် ယခင်က ဥပဒေနှင့်စပ်လျဉ်း၍ အလွယ်တကူသိရှိနိုင်ခြင်း မရှိသော်လည်း လက်ရှိအချိန်တွင် အနီးစပ်ဆုံး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဥပဒေနှင့်စပ်လျဉ်း၍ အကူအညီရယူနိုင်ပြီး ကနဦးအဆင့် လမ်းညွှန်ပေးနိုင်ပြီဖြစ်ပါသည်။ ထိုအချက်သည် ပြည်သူတိုင်း ဥပဒေအသိရှိရန်နှင့် ဥပဒေအကာအကွယ် အညီအမျှရရှိရန်ဟူသော နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းစဉ် အောင်မြင်မှုရလဒ်ကောင်းတစ်ခုဖြစ်**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ရှေ့နေရှေ့ရပ်များအား တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်၊ အမှုလိုက်ပါဆောင်ရွက်ရာ၌ သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စများကို ပိုမိုနှံ့စပ်နားလည်စေရန်၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများကို ပိုမိုသိရှိပြီး အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များဖြစ်စေရန် ရည်ရွယ်၍ **"ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာစကားဝိုင်း"**များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဥပဒေဆိုင်ရာစာအုပ်များ ထုတ်ဝေခြင်း

ဥပဒေရေးရာဝန်ကြီးဌာနသည် ၁၉၈၉ ခုနှစ်ကတည်းက ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သောဥပဒေများကို နှစ်အလိုက် စုစည်း၍ လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များကို နှစ်အလိုက်စုစည်း၍ လည်းကောင်း စာအုပ်ထုတ်ဝေခြင်း၊ Myanmar Laws စာအုပ်ထုတ်ဝေခြင်း၊ ဥပဒေအသိပညာ ဂျာနယ်စာအုပ်နှင့် ဥပဒေရုံးများ ရည်ညွှန်းစာစောင်စာအုပ်တို့ထုတ်ဝေခြင်း၊ မဟာဗျူဟာစီမံကိန်းအရ ဦးစီးဌာနအလိုက် ရေးသားပြုစုသည့် စာအုပ်စာတမ်းများ၊ ဥပဒေအသိပညာ ဒီပလိုမာအတွက် ဥပဒေဘာသာရပ်စာအုပ်များကို ထုတ်ဝေခြင်းဖြင့်လည်း ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ခေတ်မီနည်းပညာ အသုံးပြု၍ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်လုံးတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System, MLIS) တွင် ဥပဒေ၊ နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိသည့်အပြင် ဥပဒေပညာလေ့လာလိုသူများနှင့် ဥပဒေဆိုင်ရာအကိုးအကားများ ရှာဖွေလိုသူများအတွက် e-Library တစ်ခု ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားဉာဏ်ရည်တု(AI)နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပူးပေါင်း၍ AI နည်းပညာကို အသုံးပြုကာ ဥပဒေအသိပညာများ ပြန့်ပွားစေရန် ဆောင်ရွက်လျက်ရှိပါသည်။ "ဥပဒေရေးရာ AI Assistant" (Myanmar Legal AI Assistant)စနစ်ကို အကောင်အထည်ဖော်ကာ ဥပဒေဆိုင်ရာအချက်အလက်များ ထည့်သွင်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မကြာမီကာလတွင် အများပြည်သူအသုံးပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး AI Application တစ်ခုဖြင့် AI သို့ ဥပဒေမေးခွန်းများ မေးခြင်း၊ ဖြေကြားရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) နှင့် Myanmar Legal AI Assistant စနစ်တို့ လွှင့်တင်ထားခြင်းအားဖြင့် ဥပဒေပညာရှင်များ၊ ဥပဒေလေ့လာလိုသူများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာ အချက်အလက်များအား အလွယ်တကူလေ့လာဖတ်ရှုခြင်း၊ ရှာဖွေစုဆောင်းခြင်းများ ပြုလုပ်နိုင်သည့် အခွင့်အရေးများ ရရှိနိုင်ပါသည်။

ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း

ဥပဒေရေးရာဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးနှင့် ဥပဒေရေးရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဥပဒေသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအား ရုရှားဘာသာစကား နားလည်တတ်ကျွမ်းရန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရုရှားဘာသာစကားဒီပလိုမာ အချိန်ပြည့် တစ်နှစ်သင်တန်းကို ဖွင့်လှစ်ခဲ့ပြီး စစ်တက္ကသိုလ်၊ အဆင့်မြင့်စာပေပညာဗဟိုဌာန၊ ဘာသာစကားဌာန၊ ရုရှားဘာသာစကားဌာနခွဲမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် Native Speaker တို့က လာရောက်သင်ကြားပို့ချပေးခဲ့ကာ ဥပဒေရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဥပဒေအရာရှိများ တက်ရောက်ခဲ့ပြီး သတ်မှတ်အရည်အချင်းပြည့်မီသည့်အတွက် စစ်တက္ကသိုလ်၏ ရုရှားဘာသာစကားဒီပလိုမာကို ချီးမြှင့်ပေးခဲ့ပါသည်။ ယခုအချိန်တွင် သင်တန်းသားနှစ်ဦးမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိခဲ့ပါသည်။

ဥပဒေအရာရှိများအနေဖြင့် စာချုပ်စာတမ်းများ၊ အထွေထွေဥပဒေအကြံပေးခြင်း လုပ်ငန်းများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်မှန်ကန်စွာ စိစစ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဥပဒေအရာရှိများအတွက် စီးပွားရေး စာချုပ်စာတမ်းများ စိစစ်ခြင်း သင်တန်းအမှတ်စဉ်(၁)ကို ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့ပါသည်။

ဥပဒေအရာရှိများအား တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပိုမိုထိရောက်၍ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ပုံမှန်သင်တန်းများ၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ချက်များကို ကြည့်ရှုခြင်းအားဖြင့် ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်သူများအား ဥပဒေအသိပညာရရှိစေရန် ဆောင်ရွက်နိုင်ရုံသာမက ဥပဒေအရာရှိများအား အရည်အသွေးမြှင့်တင်သည့် သင်တန်းများကိုလည်း ပြုလုပ်ပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုသော် ဥပဒေရေးရာဝန်ကြီးဌာနသည် ရဟန်းသံဃာများမှ အစပြု၍ တပ်မတော်သားများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများအထိ နည်းလမ်းမျိုးစုံဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုင်ငံ့လူဦးရေတွင် အရွယ်ရောက်ပြီးသူ စုစုပေါင်း ၁၀ သိန်းကျော်ကို ဥပဒေအသိပညာပြန့်ပွားစေရေး ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်အနေဖြင့် သင်တန်းများ၊ ဟောပြောပွဲများနှင့် MLIS မှတစ်ဆင့် ဥပဒေဆိုင်ရာ အချက်အလက်များကို အများပြည်သူတို့ အလွယ်တကူသိရှိလာနိုင်ခြင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT) ဖွင့်လှစ်ခြင်းအားဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ဥပဒေအသိပညာမြှင့်တင်နိုင်ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် ပြည်သူများသို့ ဥပဒေအသိပညာများ ဆင့်ပွားပြန့်ပွားစေခဲ့ခြင်း၊ Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာ သင်ကြားပေးခြင်းကြောင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ဥပဒေကို လေးစားလိုက်နာတတ်လာစေရန် အထောက်အကူပြုခြြင်း၊ MLIS နှင့် AI နည်းပညာများကို အသုံးပြု၍ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ခြင်းကြောင့် ပြည်သူတိုင်း ဥပဒေအသိပညာရရှိစေရေးအတွက် လက်လှမ်းမီပြီး ထိရောက်မှုရှိခြင်း အစရှိသည့် အကျိုးကျေးဇူးများ ရရှိလာပြီး မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်လာကာ တရားဥပဒေစိုးမိုးသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ၂၀၂၅-၂၀၂၉ ခုနှစ်၊ မဟာဗျူဟာစီမံကိန်းရည်မှန်းချက် ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်"** (Building Legal Trust For The People) ဟူသော ရည်မှန်းချက်နှင့်အညီ ဥပဒေအသိပညာကို ပြည်သူတိုင်း လက်လှမ်းမီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ပူတာအိုမြို့နယ်အတွင်းရှိ မိုးစပါးလယ်များအတွင်း လယ်သီးထပ်ဆီထွက်သီးနှံ ဆီမုန်ညင်း စိုက်ပျိုးနိုင်ရေး ကွင်းဆင်းစစ်ဆေးပြီး မျိုးစေ့များ ထောက်ပံ့

ပူတာအို အောက်တိုဘာ ၁

မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် သီးထပ်စိုက်ခင်းများ တိုးတက်မြင့်မားလာစေရေး ဆန်ဂေါင်ကျေးရွာအတွက် ဆီမုန်ညင်းတင်း ၅၀ နှင့် စိုက်ပျိုးမည့် လယ်ဧက ၁၅၀ အတွက် ခြံစည်းရိုးကာရံနိုင်ရေး ငွေကျပ်သိန်း ၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုမြို့နယ် ဆန်ဂေါင်ကျေးရွာသို့ သွားရောက်၍ အထက်ဆန်ဂေါင်ကျေးရွာအတွင်း ပါတိတ်ချောင်းပေါ်တွင် ကျေးရွာကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော ပါတိတ်ချောင်းကူးကြိုးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ခိုင်ခံ့မှုတို့ကို ဖြတ်သန်းစစ်ဆေးကြပြီး တံတားတစ်ဖက်ကမ်းတွင် မိုးစပါးစိုက်လယ် ၁၀၅ ဧကအပြင် တစ်ဆက်တစ်စပ်တည်းရှိသည့် ဧက ၂၀ ပါ ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးထပ်စိုက်ပျိုးမည့် လယ်အားလုံးခြံစည်းရိုးကာရံပေးနိုင်ရေးနှင့် ပါတိတ်ချောင်းရေစီးဆင်းမှုအပေါ် ကမ်းပါးတိုက်စားမှု မဖြစ်ပေါ်စေရေး ဒေသခံတောင်သူများနှင့် ညှိနှိုင်းဆွေးနွေးကာ တောင်သူများ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောက်ဆန်ဂေါင်ကျေးရွာရှိ ကျေးရွာခန်းမ၌ ကျေးရွာအတွင်းရှိ ဒေသခံတောင်သူများ၊ ကျေးရွာသူ ရွာသားများနှင့် တွေ့ဆုံပြီး ယခုနှစ်တွင် ဆီမုန်ညင်း ၇၅၅၃ ဧက စိုက်ပျိုးရန် လျာထားကာ ဆီမုန်ညင်းမျိုးစေ့တင်း ၅၀၀ အခမဲ့ဖြန့်ဖြူးထားပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် အဆိုပါ ခန်းမဘေးရှိ ပါတိတ်ချောင်း ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး ဆောင်ရွက်ထားသည့် ကျောက်လုံးစီအိတ်ချထားခြင်းနှင့် ဆက်လက်တိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်အပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်သည်။

ထို့မှတစ်ဆင့် မာမူးလှံ့ကျေးရွာသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့်အတူ မာမူးလှံ့ရွာမကွင်းနှင့် မကျော့ဝါကွင်း စုစုပေါင်း ဧက ၁၆၃ ဧကအတွင်းရှိ မိုးစပါးစိုက်လယ်များအတွင်း မိုးစပါးရိတ်သိမ်းပြီးစီးပါက လယ်သီးထပ် ဆီမုန်ညင်းစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကျုံပျော်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျုံပျော် အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြို့ရွာစိမ်းလန်းသာယာလှပရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် အထောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့နှင့် အထောင်မြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက်တွင် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါသစ်ပင်စိုက်ပျိုးရာသို့ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ချယ်ရီပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

ဒလမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

ဒလ အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာ ဦးဆန်းထွန်းလင်း(အရိုင်စစ်)က စာပေအကျိုးကျေးဇူးအကြောင်းအသိပညာပေးဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများက ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြား၌ တောင်ပြိုလမ်းပိတ်နေရာကို လူအင်အား စက်အင်အားဖြင့် ရှင်းလင်းဆောင်ရွက်ရာ ယနေ့ညနေပိုင်းတွင် ယာဉ်များဖြတ်သန်းသွားလာနိုင်

ဖလမ်း အောက်တိုဘာ ၁

ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြားတွင် ယနေ့နံနက် ၇ နာရီခန့်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တောင်ပြို၍ လမ်းပိတ်ဆို့နေသည့်နေရာအား လမ်းကြောင်းအမြန်ဆုံး ဖြတ်သန်းသွားလာနိုင်ရေးနှင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လမ်းအထူးအဖွဲ့ (၁၀)က လုံလောက်သော လူအင်အားနှင့် စက်အင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ရာ ယနေ့ညနေပိုင်းတွင် ယာဉ်များဖြတ်သန်းသွားလာနိုင်နေပြီ ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့် အတူ ကလေး-ဖလမ်း-ဟားခါးလမ်းတစ်လျှောက် လမ်းအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ကားလမ်းတစ်လျှောက် မိုးရွာသွန်းမှုကြောင့် လမ်းသားပဲ့ကျနေမှုများနှင့် မြေစာပြိုကျနေမှုများကို တာဝန်ရှိသူများက လူအားစက်ယာဉ်ယန္တရားများဖြင့် ပြုပြင်ဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးသန်းဇော်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးသန်းထူးအောင်က ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက လမ်းပန်းဆက်သွယ်မှုပြတ်တောက်မှုမရှိစေရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သော လူအင်အားနှင့် စက်အင်အားများ အသင့်ဆောင်ရွက်ထားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကွမ်းခြံကုန်းမြို့နယ်၌ သမဝါယမအသင်းစု အမှုဆောင်အသစ် ရွေးချယ်

ကွမ်းခြံကုန်း အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သမဝါယမအသင်းစု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်ပွဲကို စက်တင်ဘာ ၃၀ ရက်က ကွမ်းခြံကုန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာဘဏ္ဍာရေးရှင်းတမ်းများကို တက်ရောက်လာကြသောကိုယ်စားလှယ်များထံမှ အတည်ပြုချက် ရယူကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဖွံ့စည်းရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဦးစီးမှူးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

၂၀၂၆ ခုနှစ် (၆၂)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အားကစားခန်းမ၌ လည်းကောင်း**(ယာပုံ)**၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခန်းမ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ၌ လည်းကောင်း ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားပြီး တာဝန်ရှိသူများက ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။
ဖွဲထက်ကို(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားစဉ်။
တိုင်းဒေသကြီး(ပြန်/ဆက်)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားစဉ်။
မောင်မောင်သန်း(တောင်ကြီး)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က အမှာစကားပြောကြားစဉ်။
ပြည်နယ်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ ရဲဇာနည်ခန်းမ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အမှာစကားပြောကြားစဉ်။
တင်ထွန်း(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် အောက်တိုဘာ ၁ ရက်က မိုင်းရယ်မြို့နယ် မြို့မရဲစခန်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်ထံမှ ပေးပို့သည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သဝဏ်လွှာအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်က ဖတ်ကြားစဉ်။ မိုင်းရယ်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကိုရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလင်းအောင်က ဖတ်ကြားစဉ်။ ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကိုအောက်တိုဘာ ၁ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲကျော်သူခန်းမဆောင်၌ ကျင်းပစဉ်။

ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမတွင် အောက်တိုဘာ ၁ ရက်က မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပရာ မှုခင်းများ စွမ်းစွမ်းတမံဖော်ထုတ်ဖမ်းဆီးခဲ့သော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်စဉ်။ ခိုင်ထူး(ပြန်/ဆက်)

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၁

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ရေများပြန်လည်ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်အတွင်း ၈ ပေ ၈ လက်မခန့်၊ ငါးသိုင်းချောင်း မြို့နယ်အတွင်း ၉ ပေ ၄ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၈ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၇ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်း အဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေး ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရေးမြို့နယ်၌ နုန်းမြေများ၊ အမှိုက်များ စုပေါင်းရှင်းလင်း

ရေး အောက်တိုဘာ ၁

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ မြစ်ရေလျှံတက်မှုကြောင့် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်သရိုက်များ စုပေါင်းရှင်းလင်းခြင်းကို စက်တင်ဘာ ၃၀ ရက်က တာဝန်ရှိသူများသည် ရန်ကြီးအောင်ရပ်ကွက် ကမ်းနားလမ်းတစ်လျှောက်တွင် ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းဆောင်ရွက်ပေးခြင်းကို ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စီမံအဖွဲ့ဝင်များ၊ (ခေတ္တ) မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကမ်းနားလမ်းတစ်လျှောက် မြစ်ရေလျှံတက်မှုကြောင့် တင်ကျန်ခဲ့သည့်

နုန်းမြေများ၊ သဲများအား မီးသတ်ရေပိုက်ဖြင့် ဆေးကြောခြင်းနှင့် ကျန်ရှိခဲ့သည့်အမှိုက်သရိုက်များအား အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ရှင်းလင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

အုတ်တွင်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်သင်တန်းဖွင့်လှစ်

အုတ်တွင်း အောက်တိုဘာ ၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ စာရင်းကောက်သင်တန်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ သင်တန်းအား ဖွင့်လှစ်သည်။ အဆိုပါ သင်တန်းသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

❖ **အာရှဖလားမှ**

ဖြစ်သောကြောင့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းကိုလည်း ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ဖွယ်ရှိနေသည်။

မြန်မာအသင်းသည် ဂူအမ်၊ ဟောင်ကောင်အသင်းတို့နှင့် အုပ်စု (G) တွင် ကျရောက်နေပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ယင်းအုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု(G) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၅ ရက်တွင် မြန်မာအသင်းနှင့် ဂူအမ်အသင်း၊ အောက်တိုဘာ ၈ ရက်တွင် ဟောင်ကောင်အသင်းနှင့် ဂူအမ်အသင်း၊ အောက်တိုဘာ ၁၁ ရက်တွင် မြန်မာအသင်းနှင့် ဟောင်ကောင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပွဲအားလုံး ညနေ ၄ နာရီ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

✻ **M League မှ**

ပွဲစဉ် (၁၇) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး ဓာတ်ပုံ-ML**

စာအုပ်စာပေ လူ့မိတ်ဆွေ

အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ပိုမိုတိုးမြှင့်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာလေ့လာရေးခရီးစဉ်များ အပြန်အလှန်သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ရန် ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ်သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံ ဂါယာမြို့သို့ ထွက်ခွာခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂယာနှင့် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂါယာမြို့ရှိ ဗိုလ်သင်တန်းကျောင်း (OTA)သို့ သွားရောက်လေ့လာခဲ့ကြသည်။ ညပိုင်းတွင် မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ လေဆိပ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh (အာဂျွန် အန် ဆင်းဟ်)တို့က ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့သည့် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁

မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အပြန်အလှန်ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယတပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်အပါအဝင် တန်ခိုးကြီး ဘုရား၊ ပုထိုး၊ စေတီတော်များအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက် စသည့်အထင်ကရနေရာများအား သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၃၀ ရက်ညပိုင်းတွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh (အာဂျွန် အန် ဆင်းဟ်)တို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ (စိုးစံ) ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၁

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ်ချမှတ်ပြီး တိမ်းရှောင်တရားခံများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးချဉ်ပိုင်းကျေးရွာနေ အမျိုးသမီးတစ်ဦးကို မူဆယ်မြို့နေ မျိုးအေး(ခ)မျိုးအောင်၊ နန်းမိုး(ခ)ရတနာ(ခ)ပလောင်မနှင့် မိုင်းအိုက်ရီတို့သုံးဦးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ယောကျ်ားထံ ငွေကျပ်သိန်း ၉၀ ဖြင့် ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်း(ပ) ၁၆၄/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ တရားခံ မျိုးအေး(ခ)မျိုးအောင်၊ နန်းမိုး(ခ)ရတနာ(ခ)ပလောင်မနှင့် မိုင်းအိုက်ရီတို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညောင်ပင်ကျေးရွာနေ အမျိုးသမီးနှစ်ဦးအား တစ်ရွာတည်းနေ ဒေါ်နီလာ(ခ)နီလာဝင်းနှင့် ခင်ပွန်းဖြစ်သူ ဦးချမ်းမြေ့အောင်တို့က တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်ပါက ငွေကျပ် ၁၅ သိန်းခန့်ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး လားရှိုးမြို့ရှိ မခိုင်ဝင်းထွေးထံသို့ ချိတ်ဆက်ပို့ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် သရက်ပင်ချောင်နယ်မြေရဲစခန်း (ပ) ၁၀/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်နီလာ(ခ) နီလာဝင်းနှင့် ဦးချမ်းမြေ့အောင်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံ မခိုင်ဝင်းထွေးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဘူတာစုကျေးရွာနေ အမျိုးသမီးနှစ်ဦးကို မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ဌေးဝင်းခိုင်(ခ)မခိုင်မှ ကျိုင်းတုံမြို့ရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်ပါက တစ်လ ငွေကျပ် လေးသိန်း၊ ငါးသိန်းရရှိမည်ဟု ပြောဆိုစည်းရုံးပြီး ကျိုင်းတုံမြို့သို့ ခေါ်ဆောင်ကာ တင်မောင်(ခ)တိုးတက်အောင်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်တစ်မြို့ရှိ ပြည့်တန်ဆာနေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် သစ်ပုတ်ပင် နယ်မြေရဲစခန်း (ပ)၄/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ တရားခံ ဒေါ်ဌေးဝင်းခိုင်(ခ) မခိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ တင်မောင်(ခ) တိုးတက်အောင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အာလဝီဝင်းနေ အမျိုးသားတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နေ နိုင်ဝင်းအောင်(ခ)နိုင်နိုင်(ခ)စလေမန်ကြီး၊ မအိအိမွန်(ခ)မိမွန်၊ ကြည်နိုင်နှင့် ကျော်သီရိလှိုင်တို့ လေးဦးက ကျောက်ကပ်အစားထိုး ကုသရန်အတွက် ကျောက်ကပ်ထုတ်ပေးပါက ငွေကျပ်သိန်း ၁၀၀ ပေးမည်၊ ဆေးစစ်ပေးမည်၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးမည်၊ တည်းခိုစရိတ်နှင့် လက်မှတ်ခများ အကုန်ကျခံပေးမည်ဟု ပြောဆိုစည်းရုံးပြီး အိန္ဒိယနိုင်ငံသို့သွားရန် ရန်ကုန်လေဆိပ်သို့ ခေါ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်း (ပ)၁၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(ခ)၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ နိုင်ဝင်းအောင်(ခ)နိုင်နိုင်(ခ)စလေမန်ကြီး၊ မအိအိမွန်(ခ)မိမွန်တို့နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံ ကြည်နိုင်နှင့် ကျော်သီရိလှိုင်တို့နှစ်ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ဆည်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာ၌ ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွှေစေတီဘိုးဘွားရိပ်သာရှိ အဘိုးကိုးဦး၊ အဘွား ၃၂ ဦးတို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၄၀	၄၆၉၅	၄၆၅၀	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၅၀	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၇၄၀	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၇၀	၄၈၈၅	၄၈၃၅	၄၇၇၅	၄၈၉၀	၄၉၀၅	၄၉၃၅	၄၈၀၅	၅၁၈၅	၅၂၁၅	၄၈၃၅	၄၉၈၅	၄၉၂၅	၄၈၈၅	၄၈၉၅	၅၁၂၅
HSD (500 ppm)	၄၈၀၅	၄၉၆၅	၄၉၁၅	၄၈၃၀	၄၉၇၀	၄၉၈၀	၅၀၁၅	၄၉၀၀	-	၅၂၈၀	၄၉၁၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၁၅	၅၁၉၅
HSD (50 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅	၆၂၅၀	၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀
HSD (10 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅		၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၈	၄၄၃၈
95 Ron	၄၄၉၉	၄၆၂၀
HSD (500 ppm)	၄၅၉၈	၄၇၂၀
HSD (50 ppm)	၅၅၃၃	၅၆၇၄
HSD (10 ppm)	၅၅၃၃	၅၆၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၆၈ဝ၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၀-၂၀၂၆ သောကြာနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်များကပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ဖါသီးနဲ့ သီညွှပ်ဗိုက်ပျိုးဝင်ငွေနှစ်ဆတိုး
- ၀၉:၁၀ အလင်းတိုင်ဆောင်ကာ...ကျန်းမာစေဖို့
- ၀၉:၄၀ Soccer View
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၄၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ဒီဂ်ပဂေါက်တန်ဖိုး' (အပိုင်း-၂၀)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'သုဓသံစဉ်' (အပိုင်း-၂၀)
- ၁၇:၄၀ အမိုက်မှသည်အာဟာရအဖြစ်သို့ EM Bokashi
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၀ လွှတ်တော်သတင်း
- ၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ဒီဂ်ပဂေါက်တန်ဖိုး' (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'အချစ်ပြကွဒိန်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၀၀ လွှတ်တော်ရေးရာအဖြာဖြာ
- ၂၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း

mitv

- 07:01 Evergreen Classic; Myanma Panorama and Myanma Sentiment
- 07:07 Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
- 07:25 The National Traditional Rowing Team
- 07:37 Traditional Myanmar Theatrical Performance
- 08:01 News
- 08:26 Sports & Games
- 08:34 The Great Collector: Myanmar Antique Furniture and Handicraft
- 09:01 The Four Famous of Bagan
- 09:20 Mahavihara: From Forest Monastery to Dhamma-Vinaya University
- 10:01 News

Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မဂီတတေးသီချင်းများ
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှုတ်ချိုသျှိုတစ်ပါး' (အပိုင်း-၃)
- ၀၈:၄၀ မှတ်မှတ်သားသားပုံပြင်များ 'ကောက်ပင်ရိတ်လှိုင်း'
- ၀၉:၀၅ ကြေးလည်းဝေမြတမ်းတာဆဲ 'အလွမ်းတေးတွေနဲ့ လွမ်းဆွေးအောင်ဝန်' (အပိုင်း-၂)
- ၀၉:၅၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ကျောက်စက်ငရ'
- ၂၁:၀၀ 'အချစ်ပြကွဒိန်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

MRTV NRC

- ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀) ရှားစောင်းလက်ယပ်ရဲ့အစွမ်း
- ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀) ချင်းရိုးရာတီးလုံးအကြောင်း
- မွန် (၀၈:၀၀ မှ ၁၀:၀၀) သရွားသီနှင့်ပဲပုတ်သုပ်
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) ကျောက်ရိုးတော်ဓာတ်စေတီ
- ရှမ်း(၁၂:၀၀ မှ ၁၄:၀၀) ကွန်ဟိန်းတောင်ကြီးကြားကရှမ်းပြီးတဲ့လမ်းခရီး
- ဝ (၁၄:၀၀ မှ ၁၆:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် (အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) လီဆူ့ရောင်စိုက်ကွင်းကြီးဆီ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ရိုးရာဝါးခမောက်လက်မှုပညာအလှ
- ပအိုဝ်း ကရင် (၂၀:၀၀ မှ ၂၁:၀၀) ဗိုးလှလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) သဘာဝရဲ့လက်ဆောင်အင်းရဲ့ကျွန်း
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၇:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၄၅ ရသစုံစွာဖျော်မြေကမ္ဘာ
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၄၅ လွှတ်တော်ရေးရာအဖြာဖြာ

MRTV PARLIAMENT

- ၀၇:၀၀ အဖွင့်၊အလံ
- ၀၇:၁၅ တေးဂီတ
- ၀၇:၃၀ လွှတ်တော်ရေးရာအဖြာဖြာ(၁-၁၀-၂၀၂၆) (Repeat)
- ၀၇:၅၅ တတိယအကြိမ်ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး(သသမငနေ့)တိုက်ရိုက် (LIVE) ထုတ်လွှင့်မှု
- ၁၉:၀၀ လွှတ်တော်သတင်း(၂-၁၀-၂၀၂၆)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ World MSME Day မှသည်ကမ္ဘာ့ဈေးကွက်ထိ ထိုးဖောက်နိုင်မည့်လုပ်ငန်းများ
- ၀၇:၃၀ ငှူးရေကဏ္ဍတိုးတက်ဖို့ သုတေသနလုပ်ငန်းမြှင့်တင်စို့
- ၀၈:၀၀ ကျေးလက်ကွန်ရက်
- ၁၀:၀၀ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သဌမနေ့ တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၆:၃၀ ချစ်စိတ်တို့နောင်ဖွဲ့ (အပိုင်း-၁၄)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၀၈:၀၀ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဗိုက်ကျော်ခြင်း(၄ယောက်တွဲ)ပြိုင်ပွဲ (Repeat) (ဗီယက်နမ် Vs မြန်မာ)
- ၁၁:၃၀ ၂၀၂၆ခုနှစ်၊ အာရှအားကစားပြိုင်ပွဲ အမျိုးသား/ အမျိုးသမီး ဗိုက်ကျော်ခြင်းပြိုင်ပွဲ(ဆီမီးဖိုင်နယ်) တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၉:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၅:၀၀)နာရီမှ ညနေ (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

မန္တလေး အောက်တိုဘာ ၁

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော်ရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ၉၈ ဦး တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦးက မေးမြန်းသည့်ကြယ်ပွင့်ပြ မေးခွန်း ခြောက်ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားကြသည်။

ထို့နောက် ငါန်းဇွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်သူ တင်သွင်းထားသည့်“ ဂရန်ရရှိသင့်သူများ ဂရန်ထုတ်ပေးနိုင်ရေးအတွက်လေ့လာစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးရေး” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အမည်စာရင်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းများဆောင်ရွက်ကြပြီး ယင်းအဆိုကို သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

တိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၁ နာရီခွဲတွင်ရပ်နားခဲ့ပြီး အစည်းအဝေး သတ္တမနေ့ကို အောက်တိုဘာ ၂ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာခန်းမ၌ အောက်တိုဘာ ၁ ရက်တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အဘိုးအဘွား ၃၀ အား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

တင်ဦး(ရမည်းသင်း)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ပြည်နယ်အတွင်း မှုခင်းကျဆင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်စဉ်။

ပြည်နယ်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ အောက်တိုဘာ ၁ ရက်တွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၏သားသမီးများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်စဉ်။

ဘာမီသာ(ပခုက္ကူ)

ဖျာပုံမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ကျင်းပ

ဖျာပုံ အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အဖြစ် မြို့နယ်အတွင်းရှိ အသက် (၁၀၀)နှင့်အထက် အဘိုးအဘွားများနှင့် ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်းနှင့် အလှူငွေ၊ လှူဖွယ်ဝတ္ထုများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း လိုက်လံဆောင်ရွက်ကြသည်။

ဦးစွာ ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကန်တော့ခံ အဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာရှိ အဘိုး ၁၉ ဦးနှင့် အဘွား ၂၃ ဦး စုစုပေါင်း ၄၂ ဦးတို့အား တစ်ဦးလျှင် တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၂၀၀၀၀၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများက လှူဒါန်းငွေကျပ် ၅၀၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ် ၇၀၀၀၀ အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ငါးသိန်းအား ပေးအပ်လှူဒါန်းရာ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးဘဟိန်းက လက်ခံရယူသည်။ ဆက်လက်၍ ဖျာပုံမြို့နယ်အတွင်းရှိ အသက် (၁၀၀)နှင့်အထက် အဘိုးအဘွား ခြောက်ဦးအား ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဦးဆောင်၍ အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းကို အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပဲခူးမြို့နယ်၌ ဆောင်းဆီထွက်ပဲပုပ် မျိုးစေ့ပေးအပ်

ပဲခူး အောက်တိုဘာ ၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ ဆောင်းဆီထွက်ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရေဆင်း (၁၅) ပဲပုပ်မျိုးစေ့ပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဆောင်းဆီထွက်ပဲပုပ်စိုက်ပျိုးရေး နည်းပညာများနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူများထံ ဆီထွက်ပဲပုပ် ရေဆင်း(၁၅)မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

ဘီးလင်းမြို့နယ်၌ ကတ္တရာလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

ဘီးလင်း အောက်တိုဘာ ၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျောက်ရေတွင်း - ကံနီလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင်/မြို့နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက်တွင် ကွင်းဆင်း စစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပိုင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၂၇၇ ဒသမ ၆၀၀ သန်းဖြင့် ဇူလိုင် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘားအံမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနေမှု ကြည့်ရှု

ဘားအံ အောက်တိုဘာ ၁

ကရင်ပြည်နယ် ဘားအံမြို့နယ် နတ်ကျွန်းကျေးရွာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန၏ လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်း မတည်ငွေရယူ၍ ဆောင်ရွက်လျက်ရှိသော သက်စမ်းရေ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသားများက ၎င်းတို့၏ လယ်ယာမြေများတွင် မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❂ ကျောဖုံးမှ

ကွာတားဖိုင်နယ်သို့ တက်ရောက်၍ ကွာတားဖိုင်နယ် ရှုံးထွက်အဆင့်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရာ မြန်မာ Esports အသင်းက ကမ္ဘောဒီးယားအသင်းကို ရလဒ်နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင် အနိုင်ယူကျော်ဖြတ်ခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ မလေးရှားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသဖြင့် အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော ဗိုလ်လုပွဲအဆင့်သို့ ဂုဏ်ယူဝင့်ကြွားစွာ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ Esports အသင်းသည် ဗိုလ်လုပွဲ ပွဲစဉ်ကို Best of Seven ပွဲငယ်ခုနစ်ပွဲ ယှဉ်ပြိုင်ရာတွင် လေးပွဲ အနိုင်ရရှိမည့်အသင်းက ပထမဆုရရှိမည်ဖြစ်သည့်အတွက် မြန်မာ့လက်ရွေးစင် Esports အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲဦးထွက်မှစ၍ (Game 1 မှ Game 4 အထိ)ရှုံးပွဲမရှိ အကောင်းဆုံး လက်စွမ်းပြဦးဆောင်ထားနိုင်ခဲ့ပြီး ရလဒ်လေးပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ကာ ပွဲစဉ်တစ်လျှောက်လုံး အမှားအယွင်းမရှိဘဲ ပြိုင်ပွဲကို ထိန်းချုပ်ကစားသွားနိုင်ခဲ့သဖြင့် ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်အောင်မြင်စွာ ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB)ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုဖြင့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။ ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် ပူးတွဲတတိယဆုကို မွန်ဂိုလီးယားအသင်းတို့ကလည်းကောင်း ရရှိခဲ့သည်။

ယနေ့ မြန်မာ့လက်ရွေးစင် MLBB Esports Team Zanaka အသင်း ရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ Esports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် ပထမဦးဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

ယခုအောင်မြင်မှုသည် မြန်မာ Esports အသင်း၏ ကြိုးစားအားထုတ်မှု၊ မြန်မာ့ Esports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် Esports အားကစားသမားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေရုံသာမက နိုင်ငံတကာ စင်မြင့်ထက်တွင် နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာ သီဆိုပြီး နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ဓာတ်ခွန်အားများစွာ ရရှိစေခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဝူရှူး အားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ လှေလှော် အားကစားနည်းမှ ကြေးတံဆိပ်နှစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၃ နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ကွ်ဘော၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့် ဘောလုံး(အမျိုးသမီး) စသည့် အားကစားနည်းငါးနည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ တက်ကွ်ဘောအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုနှင့် Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံက အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ယနေ့အထိ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုရရှိထားသည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက်အဆင့် (၂၂)တွင် ရပ်တည်နိုင်ခဲ့ပြီး ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်ပြီး အောင်မြင်မှုပိုမိုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သထုံမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

သထုံ အောက်တိုဘာ ၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက နန်းခဲရပ်ကွက် သုဝဏ္ဏဘူမိဘိုးဘွားရိပ်သာ ရာပြည့်ဘွားဦးဇွန်းဆောင်၌ ကျင်းပသည်။

ဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ဘိုးဘွားများအား ဩကာသကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များက ဘိုးဘွား စုစုပေါင်း ၄၀ တို့အား လှူဖွယ်များ၊ စာရေးတံမဲများလှူဒါန်းပေးကြပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ တာဝန်ရှိသူတို့က ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✳ ပေါ်တူဂီတိုက်စစ်မှူးမှ

ရွေးချယ်ထားတဲ့ကစားသမား ၂၅ ဦးစာရင်းမှာ ပါဝင်ခဲ့ပေမယ့် ဝေးလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းနဲ့ နော်ဝေအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ လူစားဝင်ကစားသမားအဖြစ်ပင် ဝင်ရောက်ကစားခွင့်ဆုံးရှုံးခဲ့လို့ လေ့ကျင့်ရေးအစီအစဉ်ကိုလည်း မပါဝင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ နော်ဝေအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း လူစားဝင်ကစားသမားအဖြစ်နဲ့ပင် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်မရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးစီရိုနယ်လ်ဒိုဟာ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်မှာ ပေါ်တူဂီနိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူဖို့ ဆုံးဖြတ်ထားပေမယ့် ကစားသမားဘဝသွင်းဂိုး ၁၀၀၀ ပြည့်မြောက်ဖို့အတွက် နိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားမယူဘဲ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

ကျောင်းကုန်းမြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

ကျောင်းကုန်း အောက်တိုဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဆပ်ပြာနှင့် ထောက်ပံ့ငွေကျပ်တစ်သောင်းခွဲစီတို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

သာယာဝတီမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

သာယာဝတီ အောက်တိုဘာ ၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆရာစံခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများက ကန်တော့ခံဘိုးဘွား ၂၅ ဦးတို့အား အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၆၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၆၉ ကျပ် ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဖခင်အမည်မှန်

ဇေယျာဝတီတိုင်း ဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်၊ နန်းမြတ်တော်ဝင် ကိုယ်ပိုင်အထက်တန်းဆင့် သင်ကျောင်း Grade-11 မှ မနှင်းရွှေဇင်လတ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွဋ်အောင် [၁၄/မအန(နိုင်)၁၅၂၁၃၈] ဖြစ်ပါကြောင်း။

ဦးသိန်းထွဋ်အောင်

အမည်ပြောင်း

ဦးကြည်ဦး [၁၄/မအပ(နိုင်)၁၇၉၂၆၄]၏ သမီး၊ ရွှေပြည်သာမြို့နယ်၊ ဦးသိန်းဇံ ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-6 ကျောင်းသူ မမိုးမြတ်သူအား မမေပိုးပန်းချီဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေပိုးပန်းချီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂) ရပ်ကွက်၊ (၄)လမ်း၊ တိုက်အမှတ်(၈၄)၊ တစ်ခန်းတည်း(၆)ထပ်တိုက်ရှိ ပထမထပ်(နှစ်လွှာ)၊ (၂၃ပေx၄၇ပေ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဗူးနီယမ်သီ(DBM-၀၁၄၃၃၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထိုက်ဇော်[၁၂/တမန(နိုင်)၁၃၂၀၄၇] နှင့် ဦးစုဘရာမန်းနီး (ခ)ဦးအောင်သန်း [၁၂/ပဇတ(ဧည့်)၀၀၀၂၇၆] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါ၍ တိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းထက် (LL. B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၈၈၅)
တိုက် - (၁၀ /၁၂)၊ အခန်း - (၁၀၄ / F)၊ ပထမထပ်၊ ၃၅ လမ်းတို၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးရဲထွန်းဇော် [၁၃/လရန(နိုင်)၀၀၁၀၇၀] ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော် ဦးရဲထွန်းဇော် [၁၃/လရန(နိုင်)၀၀၁၀၇၀] နှင့် ဒေါ်ရွှေယမင်းဦး [၁၁/မဥန(နိုင်)၀၇၁၅၀၇] တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့သဖြင့် (၂၉-၉-၂၀၂၆) ရက်နေ့တွင် တာမွေမြို့နယ် တရားသူကြီးရှေ့မှောက်၌ ကွာရှင်းမှတ်ပုံတင်အမှတ် (၅၅/၂၀၂၆)ဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲထွန်းဇော် [၁၃/လရန(နိုင်)၀၀၁၀၇၀]

"ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၀၁)၊ (၄)လွှာတွင် တည်ရှိသော Shwe Annawa Sanpya Co., Ltd. ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၁၁၄၆၂၈၀ သည် အောက်တွင်ဖော်ပြထားသော RENOVA အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့် ဦးစီးဌာနမှ လျှောက်လွှာနံပါတ် - T2025002708 ဖြင့် လျှောက်ထားချက်ကို လက်ခံတင်ပြထားပြီး ဖြစ်သည့် ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ဖြစ်ပါသည်-

RENOVA

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ဆေးဝါးနှင့် ဆေးဝါးပြင်ဆင်ပစ္စည်းများ၊ ဆေးဝါးနှင့်ဆေးဝါးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အတွက် အသုံးပြုမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံမှ တရားဝင် တင်သွင်းပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ကုမ္ပဏီသည် အောက်ဖော်ပြပါ Nice Classification ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှု များစာရင်း အမျိုးအစားနံပါတ်များဖြစ်သည့် Classic Number - ၅၊ ၂၉၊ ၃၀၊ ၃၅၊ ၃၉၊ ၄၀ စသည့်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ Shwe Annawa Sanpya Co., Ltd. မှအပ အဆိုပါ ကုန်အမှတ်တံဆိပ်ကို အသုံးပြုခြင်း၊ ကူးယူခြင်း၊ အတုယူခြင်း၊ အသွင်တူသော အမှတ်တံဆိပ် သို့မဟုတ် အလားတူအမှတ်အသားကို အသုံးပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံမှ တင်သွင်းခြင်း၊ ထုတ်ကုန်များတွင် တပ်ဆင် အသုံးပြုခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ အတုပထုတ်ကုန်များ ထုတ်လုပ်တင်သွင်းရောင်းချခြင်းများကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုနေသည်ကို တွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

Shwe Annawa Sanpya Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဇင်စုဝေ LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၄၉)
အမှတ် - ၃၉၀၊ ၃လမ်းမြောက်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၉၆၀၀၉၀၂၊ ၀၉-၇၇၆၁၀၀၅၈၉

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မြေကွက်အမှတ်(၃၄၄)၊ မာလာမြိုင်(၈)လမ်း၊ အမှတ်(၆၁)၊ (၂)ခန်းတွဲ၊ ၃ ½ ထပ်တိုက်၏ ဒုတိယထပ်(၄-လွှာ/ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၂ ½x ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် မြေပိုင်ဆိုင်မှု ၃ပုံ ၁ပုံ အပါအဝင် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ မြေနှင့်တိုက်ခန်းသည် ဖခင်ဖြစ်သူ ဦးလှအောင်(ကွယ်လွန်)မှ အကျိုးခံစားခွင့်ရရှိခဲ့ပြီး သမီးဖြစ်သူ ဒေါ်မြမြစိုး(HLG-044569) မှ အမွေဆက်ခံပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်း၊ ပေးကမ်းစွန့်လွှတ် လှူဒါန်းထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဝင်း [၇/ထတပ(နိုင်)၀၈၈၈၂၂] မှ (၂၈-၉-၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇင်မာဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဝါဝါလွင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)
အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၄၄၂၄၈၂၂

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁၂-ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(သကမ-၁၀)၊ ပေါ်ဆန်းမွှေး(၃)လမ်း၊ မြေကွက်အမှတ်(၅၇၆/ခ) အကျယ်(၂၀'x၆၀')ရှိ ပါမစ်အမည်ပေါက် ဦးသန်းထွန်း၏ မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်လဲ့လဲ့ဝင်း[၁၂/လသယ (နိုင်)၀၃၆၇၆၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့ရည် [၁၂/ဗတထ (နိုင်)၀၄၄၁၃၂]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေမီလှိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)
အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၀၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇

"အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ်-၄၄၇(က)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးအောင်ဝင်းမြင့်(ဘ)ဦးမြင့်သောင်း [၁၂/တတန(နိုင်)၀၂၃၂၂၂]နှင့် ဒေါ်ဝါဝါမြင့်(ဘ)ဦးကြီးမြင့်[၁၂/ရကန(နိုင်)၀၂၈၄၁၄]တို့သည် (၂၃-၁-၁၉၉၉) ရက်နေ့မှစ၍ တရားဝင် လက်ထပ်ထိမ်းမြားခဲ့ကြပြီး သား(၂)ဦးထွန်းကားခဲ့ပါသည်။ ဦးအောင်ဝင်းမြင့်နှင့် ဒေါ်ဝါဝါမြင့်တို့သည် သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ (၃၁-၃-၂၀၂၅) ရက်နေ့ မှတ်ပုံတင်အမှတ်(၉၂/၂၀၂၅)ဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ကွာရှင်းပြီးနောက် (၃၁-၃-၂၀၂၅)ရက်နေ့တွင်ပင် နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများအား ခွဲဝေယူခဲ့ကြပြီးဖြစ်ပါသဖြင့် (၃၁-၃-၂၀၂၅)ရက်နေ့နောက်ပိုင်းတွင်လည်း ဦးအောင်ဝင်းမြင့်နှင့် ဒေါ်ဝါဝါမြင့်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်း အလျဉ်းမရှိတော့ပါကြောင်း၊ (၃၁- ၃-၂၀၂၅)ရက်နေ့ နောက်ပိုင်းမှစ၍ တစ်ဦးနှင့်တစ်ဦး ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှကို ကျန်တစ်ဦးမှ ဝင်ရောက်စွက်ဖက်ခွင့်၊ နှောင့်ယှက်ခွင့်၊ အရေးဆိုခွင့်များ အလျဉ်းမရှိတော့ပါကြောင်း၊ ဦးအောင်ဝင်းမြင့်မှ ပြုလုပ်ထားသော ငွေကြေးအရှုပ်အရှင်းများ၊ စီးပွားရေးအရှုပ်အရှင်းများ၊ လူမှုရေးအရှုပ်အရှင်းများသည်လည်း ဒေါ်ဝါဝါမြင့်နှင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်းနှင့် ဒေါ်ဝါဝါမြင့်မှရရှိခဲ့သည့် လက်ထပ်ပွားပစ္စည်းများနှင့် ပတ်သက်၍လည်း ဦးအောင်ဝင်းမြင့်မှ ငွေကြေးအရှုပ်အရှင်းများ လူမှုရေးအရှုပ်အရှင်းများကို ပြုလုပ်ထားပါကလည်း ဦးအောင်ဝင်းမြင့်မှသာ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ပြီး၊ ဒေါ်ဝါဝါမြင့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း၊ လာရောက်ခြိမ်းခြောက်ခြင်း၊ အရေးဆိုခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်း ဦးအောင်ဝင်းမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝါဝါမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၇၅)
အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊
ရန်ကုန်မြို့။ Ph-09-254405798, 09-785610847

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်(၆)လမ်းနှင့်(၇)လမ်းကြား၊ Yankin Housing Project (2010-2011) အိမ်ရာ၊ တိုက်အမှတ်(၅/၃)၊ အခန်းအမှတ်(၂၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလင်းအောင်(ခ)ဦးစင်ရော်မောင်မောင် [၁၂/တမန(နိုင်)၀၄၂၁၅၂]ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးမြင့်ရွှေ [၁၂/ဥကတ(နိုင်)၀၃၇၀၃၇]အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး ၅ လမ်း၊ ၆လမ်း၊ ထီးတန်းအိမ်ရာ (ကောင်းမြတ်သူအိမ်ရာ)၊ တိုက်-A၊ အခန်း-၅၀၂၊ (ပဉ္စမထပ်)(၁၀၁၀- စတုရန်းပေ)ရှိ ဦးစိုးနိုင်ဦး အမည်ပေါက် တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခေါန်လွမ့် [၁/မကန(နိုင်)၁၆၁၅၃၅]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ချို LL.B, D.B.L	**ဒေါ်သီတာအောင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)**

၀၉- ၄၄၃၀၇၁၉၈၅၊ ၀၉- ၄၄၃၁၇၀၀၇၆
အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အမည်မှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အ.ထ.က (၂)၊ Grade-10 မှ မောင်အောင်မင်းနိုင်၏ အမည်မှန်မှာ မောင်အောင်မင်းခိုင်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးခိုင်ကြယ် [၄/ကပလ(နိုင်)၀၀၈၇၇၇] ဖြစ်ပါကြောင်း။

KAMT KAW KHAM COMPANY LIMITED ၏ မတည်ငွေရင်းလျှော့ချပြီးကြောင်းကြေညာခြင်း

(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(ဈ)အရ)

KAMT KAW KHAM COMPANY LIMITED ၏ (၁-၁၀-၂၀၂၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှယ်ယာရှင်များ အထူးအစည်းအဝေးတွင် မတည်ငွေရင်းအား ယခင် မတည်ငွေရင်းငွေကျပ်- ၁,၀၀၅,၀၀၀,၀၀၀/- (ကျပ်တစ်သောင်းနှင့်ငါးဆယ်သိန်းတိတိ) "မှ" ယခု ငွေကျပ်- ၅၀၀,၀၀၀,၀၀၀/- (ကျပ်သိန်းငါးထောင်တိတိ) "သို့" မတည်ငွေရင်းလျှော့ချပြီးကြောင်းကို အစုရှယ်ယာရှင်များက အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

KAMT KAW KHAM COMPANY LIMITED
09-404414416, 09-791799998, kamtkawkhamcompany@gmail.com

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ညောင်ပင်ကျေးရွာ၊ မြေကွက်အမှတ်(၀ထ-A-၁၇၃)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ဒေါ်ကြည်တင် အမည်ပေါက် နှစ်(၆၀) မြေငှား ဂရန်အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုကမ်းလှမ်းသူ ဒေါ်ကြည်တင်[၁၂/သကတ (နိုင်)၀၂၄၃၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ
ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)၊	**ဒေါ်အိအိစံ(စဉ်-၁၀၂၁၈)**	**ဦးမင်းမင်း(စဉ်-၂၇၃၂၀)**
ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)၊	**ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)**	**ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)**
ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)		

အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၅၁၄၃၈၀၂၊ ၀၉-၅၁၈၀၁၁၈၅

အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 မှ(ဘ) ဦးမိုးအောင်၏ သမီးဖြစ်သူ မိဝါဆိုမိုးမြင့်၏ အမည်မှန်မှာ မထွန်းသန္တာအောင် ဖြစ်ပါကြောင်း။

မထွန်းသန္တာအောင်

အမည်ပြောင်း

ဦးကြည်ဦး [၁၄/မအပ(နိုင်)၁၇၉၂၆၄]၏ သမီး၊ ရွှေပြည်သာမြို့နယ်၊ ဦးသိန်းဇံကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-2 ကျောင်းသူ မရွှန်းလဲ့မိုးအား မဆောင်းဝတ်ရည်ဖူးဟုပြောင်းလဲခေါ်ဆိုပါရန်။

မဆောင်းဝတ်ရည်ဖူး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်-၄၄၇၊ ဦးပိုင်အမှတ်-၄၈၃/ ၈၆ လမ်း၊ ဗိုလ်အိမ်မီးပွိုင့်ထောင့်ရှိ ဦးပေါ်ဌေး ပါ-၁၀ဦး အမည်ပေါက် ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးပေါ်ဌေး၊ ဖခင် ဦးခင်မောင်အေးနှင့် မိခင် ဒေါ်တင်မေတို့ ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး၊ သားသမီးများ၊ ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်ကြသော ဒေါ်တင်မီ[၉/မနတ(နိုင်)၀၉၄၈၆၉]၊ ဦးချစ်ကိုကို [၉/ခမစ(နိုင်)၀၁၀၄၃၈]၊ ဦးမျိုးဇော်ဦး [၉/ခမစ(နိုင်)၀၅၁၉၅၇]၊ ဒေါ်သက်ပုံချစ် [၉/ခမစ(နိုင်)၀၅၁၉၅၈]၊ ဒေါ်ခင်မာ[၉/မနတ(နိုင်)၀၃၁၇၄၁]၊ ဒေါ်နေဍရဘီ [၉/မနတ(နိုင်)၀၉၄၇၈၆]၊ ဒေါ်ဘီဂျန် [၉/မနတ(နိုင်)၀၆၆၁၇၁]၊ ဒေါ်ဝင်းမြင့် [၉/မနတ(နိုင်)၀၉၄၈၂၂]၊ ဦးစိုးတင့် [၉/မနတ(နိုင်)၀၉၄၇၈၇]၊ ဒေါ်ခင်တုတ်[၉/မနတ(နိုင်)၀၉၄၉၇၃]၊ ဦးစိုးမြင့် [၉/ခမစ(နိုင်)၀၁၂၂၇၄]၊ ဦးစိုးမင်း [၉/ခမစ(နိုင်)၀၁၂၂၇၅] တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အိုးအိမ်တိုက်ခန်းဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန် (၉လမ်း)၊ အပိုင်း(၁)၊ တိုက်အမှတ် (၄)ဟုခေါ်တွင်သော အခန်းအမှတ်(၅၀၃)၊ (၆လွှာ)၊ အကျယ်အဝန်း (၂၅x၃၀ ပေ) (၇၅၀စတုရန်းပေ) အကျယ်ရှိ အိုးအိမ်တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် ဆက်စပ်စာချုပ်မူရင်းများဖြင့် တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားသော တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးသန်းနိုင် [၁၂/လမန(နိုင်)၁၇၁၄၀၀]မှ ၎င်းသာလျှင် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အေးသန္တာလွင် [၁၂/ကမတ(နိုင်)၀၈၂၁၈၈] က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိုးအိမ်တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးသန္တာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇင်ဝေထွန်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၇၈၉၄)
တိုက်အမှတ်(၉)၊ ပထမထပ်၊ ဝါဝါဝင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
အင်းစိန်ခရိုင်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၃

ဒေါ်သီတာအေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝေမွန်သင်း)	နှင့်	ဒေါ်စိုးစိုးလွင် ပါ(၂)
(တရားလို)		**(တရားပြိုင်များ)**

အမှတ် (၆၂၇/ခ)၊ မင်္ဂလာသိဒ္ဓိလမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂) တရားပြိုင် ဒေါ်သွယ်သွယ်ဌေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) နံနက် (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောထွန်းအေး)
ဒုတိယခရိုင်တရားသူကြီး (၂)
အင်းစိန်ခရိုင်တရားရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုမည့် BPS M–7 Machine များ၏ နေ့စဉ်သုံး ဆက်စပ်ပစ္စည်း Consumables များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်–

တင်ဒါပုံစံရောင်းချမည့်ရက်	–	၂–၁၀–၂၀၂၆ ရက်နေ့မှ ၁၅–၁၀–၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း)
တင်ဒါပုံစံရောင်းချမည့်နေရာ	–	မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅)
တင်ဒါနောက်ဆုံး တင်သွင်းရမည့်နေ့ရက်	–	၁၉–၁၀–၂၀၂၆ ရက်နေ့ မွန်းလွဲ (၁:၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေ့ရက်	–	၁၉–၁၀–၂၀၂၆ ရက်နေ့ မွန်းလွဲ(၁:၃၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ	–	မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ် (၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း– ၀၆၇–၃၄၃၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက တည်ပင်ကုန်းကျောင်းမှ အထက်တန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်သီသီအောင် [၉/မထလ (နိုင်) ၂၇၉၆၄၉]၏ဖခင်မှာ ဦးစန်းလွင်နှင့် ဦးဆန်းလွင်သည် အမည် (၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက(ခွဲ) ဆယ့်လေးရွာ Grade (10)မှ ဘီဂျေး၏ အမည်မှန်မှာ ဘီဂျေးကူမာရ်ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ပရင်မကျန်း [၇/ဖမန(ပြု)၀၀၈၄၃၁] ဖြစ်ပါသည်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထက (၈)ကျောင်း Grade– 5 မှ မိအိန္ဒြေကျဲကျဲ၏ ဖခင် အမည်မှန်မှာ မင်းဆွေသူမင်း [၃/ကကရ (နိုင်) ၁၂၈၈၅၇] ဖြစ်ပါကြောင်း။

မင်းဆွေသူမင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်– ၄၃၃၊ တတိယထပ်၊ ၄ လွှာ (ခြေရင်းခြမ်း)၊ (၁၂ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဦးဉာဏ်ထက်ဝင်း [၁၂/တကန(နိုင်) ၁၅၈၉၈၄]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မီကို [၁၂/အလန(နိုင်)၀၄၁၉၀၄]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဇင်မီကို၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမြတ်ဝေချို [B.A (Law), LL.B]
တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)
အမှတ်– ၇၀၂ (မြေညီ)၊ ကျော်သူ (၁၆)လမ်း၊ (၉)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း– ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၀၁၉၈၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း တောင်/အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ် (၃၆)၏ ပဉ္စမထပ်–ခေါင်းရင်းခန်း၊ (6A)၊ (အလျား ၁၂၁/၂'x အနံ ၅၀')ရှိ ရေ၊ မီးအစုံအလင်ဖြင့် တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော **ဒေါ်ရွှေအေး [၁၁/မပတ(နိုင်) ၁၁၉၆၀၀]**ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ **ဦးကောင်းဆု [၁၂/ကမတ(နိုင်) ၀၅၇၄၉၇]**က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)
အထက်တန်းရှေ့နေ (စဉ်– ၂၅၀၇၁/၂၀၀၅)
အမှတ်(၂၄)၊ (၄–ဘီ)၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 765188412

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၅/၃၃/၁၀) ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊ အမှတ်(၅၉၀/ခ)၊ အကျယ်အဝန်း (၁၀ × ၆၀)ပေရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော ဦးသန်းဖော်အမည်ဖြင့် မြေချပါမစ်ထွက်ရှိထားသော ရေမီးအစုံပါသော လူနေအဆောက်အဦးအပါအဝင် အိမ်၊ ခြံမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးတင်မျိုးအောင် (၁၂/ရပသ(နိုင်)၀၆၆၃၁၄)က မိမိသာလျှင် တရားဝင် လက်ရောက်ရသူ ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အပေါင်အနှံ၊ အချုပ်အနှောင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မီမီမာ (DBN-012794)ထံသို့ ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသ (စရံငွေ) ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်မီမီထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် –၁၈၂၅၇)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၈၈၈၀၆၄၈၈၈၀

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀) ဆူးထူးပန်(၈)လမ်း၊ မြေကွက်အမှတ်–၁၂၅၃(စ) အကျယ်အဝန်း (၂၀'× ၆၀') ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်ဖြစ်သူ ဦးအောင်ပု (OTN - 014107) ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းယု (၁၂/ မရက (နိုင်) ၀၆၀၁၁၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိဖြူထွေး (၁၂/ဥကတ (နိုင်) ၂၁၁၉၆၇) ကအပြီးအပိုင်ဝယ်ယူရန် စရံငွေကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်အေးပွင့်ဖြူ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၁)
အမှတ်(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၅၃၃၁၀၊ ၀၉ ၉၇၇၈၀၁၃၆၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ အကွက်အမှတ် (၂၇)၊ ကျိုက်ဗောဓိ တောင်ကွက်၊ ဦးပိုင်အမှတ် (၄၆/က)၊ မကျော်စဖီ–ပါ (၃) အမည်ပေါက် (မြို့မြေ) အတွင်းမှ ဧရိယာ (၀.၀၃၄) ဧကအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းမော် (ဘ) ဦးညွန့်မောင် [၁၂/သလန(နိုင်)၀၄၃၁၅၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စန်းမို့မို့ (ဘ) ဦးဇော်ဦး(ခ) ဦးဇော်ထွန်းအောင် [၁၄/ပသန(နိုင်) ၁၈၉၁၃၉]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)	**ဒေါ်ခိုင်သူဇာဝင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ် – ၈၉၄၉/၂၀၁၃)	**(စဉ်– ၉၇၃၄/၂၀၁၄)**
၀၉ – ၄၂၁၀၅၃၁၁၀	**၀၉ – ၄၂၁၀၅၃၁၀၁**

(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊
အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျော်လွင်ဦး [၇/နတလ(နိုင်) ၀၉၂၇၈၀]နှင့် ဒေါ်လင်းထက်သိန်း [၉/မခန(နိုင်) ၁၈၆၅၁၉]တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၂၈– ၉–၂၀၂၆)ရက်နေ့တွင် လွတ်လပ်သော သဘောဆန္ဒများအရ မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဖက်သော အသိသက်သေများ၏ရှေ့ မှောက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်းနှင့် အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးကျော်လွင်ဦးနှင့် ဒေါ်လင်းထက်သိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကောင်းထက်ပိုင်ဖြိုး LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်– ၅၅၈၉၇) (၂၇–၁၀–၂၀၂၃)
ငြိမ်းချမ်းဖြိုးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–420108794

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၄၊ မြေကွက်အမှတ်– ၆၅/ခ.၅၊ ဧရိယာ (၀.၀၀၂)ဧက၊ မြေကွက်တည်နေရာအမှတ် (၆၅/ခ.၅)၊ (၅၂)လမ်းသွယ်၊ သုခလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဦးသန်းမောင်၊ မအေးဆိုင်)အမည်ပေါက် B.လ/န-၃၉ ရပြီး မြေအား အမည်ပေါက် (ဖခင်)ဖြစ်သူ ဦးသန်းမောင်(ခ)ဦးရဲသန်းသည် (၉–၈–၁၉၉၈)ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်အေးဆိုင်(ခ) ဒေါ်ဆိုင်သည် (၁၈–၁၂–၂၀၀၂)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားပြီး သား/သမီးများဖြစ်ကြသည့် ဦးခင်မောင်ဆင့် [၁၂/လမန(နိုင်)၀၆၀၈၈၈]၊ ဒေါ်သန်းသန်းအေး [၁၂/လမန(နိုင်) ၀၆၀၉၄၃]၊ ဒေါ်ရင်ရင်လှ [၁၂/သဃက(နိုင်) ၁၁၈၆၅၆]တို့မှ မိမိတို့မောင်နှမ (၃)ဦးတည်းသာ မိခင်/ဖခင်တို့၏ သား/သမီးများဖြစ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် ကိတ္တိမမွေးစားသား/သမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ မိမိတို့ (၃)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း(၁၃–၃–၂၀၂၆) ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက် အရောင်းအဝယ်စာချုပ်–၄၉၅/၁၉၅၉ (၁၈–၁၂–၁၉၅၉) မိတ္တူမှန်၊ (ဖခင်)ဖြစ်သူ ဦးသန်းမောင်(ခ)ဦးရဲသန်း သေဆုံးကြောင်း တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊ အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ မိခင်/ဖခင်တို့ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ဒေါ်အေးဆိုင်၏ သေစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၆ ခုနှစ်တွင် ဦးခင်မောင်ဆင့်+၂ တို့မှ မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ (၂၁–၄–၂၀၂၆) ရက်စွဲပါစာဖြင့် ရှင်းလင်းတင်ပြပါရန် အကြောင်းကြားခဲ့ခြင်းနှင့် ပတ်သက်၍ လျှောက်ထားသူမှ ၂၀၀၆ ခုနှစ်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးပြီးနောက် ဦးခင်မောင်ဆင့်သည် မျက်စိအမြင်အာရုံမကောင်းသောကြောင့် သွားလာရခက်ခဲသည့်အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ထိုစဉ်က ပိုင်ဆိုင်ကြောင်း မြေပုံကူးခြင်းကို ဆက်လက်မဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသောကြောင့် အဆိုပါအမှုတွဲအား ပိတ်သိမ်းခွင့်ပြုပါရန်နှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိတို့မှပင် အလုံးစုံတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြစာနှင့်အတူ (၂၈–၇–၂၀၂၆)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ - လမ်း၊ အမှတ် - ၂၁၅/၂၁၉/၂၂၅/၂၃၁ ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် 32 BEAUTY LAND HOTEL လုပ်ငန်းလိုင်စင်အား ဦးမောင်မောင်(၁၂/ဥကမ (နိုင်) ၁၅၂၇၀၅) ကိုင်ဆောင်သူအမည်မှ ဦးနေဇော်အောင် (၁၂/ကမရ (ဧည့်) ၀၀၀၂၇၉) ကိုင်ဆောင်သူအမည်သို့ ဟိုတယ်လုပ်ငန်းလိုင်စင်အမည်ပြောင်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယခုကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်သော်လည်းကောင်း၊ ၎င်းတို့၏ ကိုယ်စားလှယ်လွှဲစာရရှိသူများမှသော်လည်းကောင်း၊ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဟိုတယ်လုပ်ငန်းလိုင်စင် အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဦး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၆၆၈၈၉၅၉၆၆

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁ - ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် - ၂၄၀ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၁ ၊ မြေကွက်အမှတ် - ၂၄၀ ၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင် ဦးအောင်စိုး (၁၂/ဓခန(နိုင်) ၀၃၄၇၈၈)မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်း အဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးလှိုင်ဝင်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၃၆၃၇)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၁၄၄၈၆၅၈

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၀ - ရပ်ကွက်၊ ဂန္ဓမာလမ်း၊ ချမ်းသာရွှေပြည်အိမ်ရာ ၊ အမှတ် - D - 17 ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၁ ၊ မြေကွက်အမှတ်- 8 – C ၊ ဧရိယာ(၀.၁၀၉)ဧက၊ (၄၇၃၈)စတုရန်းပေ၊ မြေအမျိုးအစား - ပါမစ်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးသန်းဦး (၁၂/ပဇတ(နိုင်)၀၀၂၆၃၇) အမည်ဖြင့် ချထားပေးခြင်းခံရပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဟန်လင်းအောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈)
အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉- ၉၇၂၁၂၈၂၁၅

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ ကွင်းအမှတ်(၆၉၄)၊ မြေပေအကျယ်အဝန်း (၂၆x၆၃)ပေရှိ ဥယျာဉ်ခြံ မြေကွက်နှင့် နေအိမ်သည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူ ဒေါ်သီရိအောင် [၉/မတရ(နိုင်) ၁၄၅၀၁၃]မှ မိမိပိုင်ဆိုင်ပြီး မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွယ်နီဝင်း [၆/မမန(နိုင်) ၁၄၀၁၁၇]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သီလလမ်း၊ တိုက်အမှတ်(၃၅၃/က+ခ)ရှိ မြေပေါ်တွင်ဆောက်လုပ်နေသော Lift ပါ (၁)ခန်းတည်း (၈)ထပ် RC အဆောက်အဦမှ ရောင်းချသူ ဦးနိုင်အောင်မိုး [၇/သနပ(နိုင်) ၀၀၀၁၁၆] ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် (ခြေရင်းခြမ်း)ရှိ ဆဌမထပ်(၇–လွှာ)၊ အခန်းအကျယ်အဝန်း (၁၇x၅၄)ပေ၊ အမြင့် (၁၀)ပေရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ –
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ (၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– မြို့သစ်(ခ)၊ မြေကွက်အမှတ်(၂၈၇/ခ)၊ ဧရိယာ(၁၂၀၀)စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၂၈၆/ခ)၊(၈)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်သွယ် [၁၂/အစန(နိုင်) ၀၃၇၀၁၅] အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်သွယ်ထံမှ ကိတ္တိမသမီးမွေးစားခြင်းစာချုပ်အမှတ် (၁၆၉၉၉/၂၀၁၅) (၇–၁–၂၀၁၆)ဖြင့် ဒေါ်ဖြူဖြူဝင်း [၁၂/အစန(နိုင်) ၀၃၆၈၉၂]အား မွေးစားခဲ့ပြီး ဒေါ်သွယ်(မွေးစားမိခင်)သည် (၂၇–၈–၂၀၂၀)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သဖြင့် ဒေါ်ဖြူဖြူဝင်းမှ ကိတ္တိမသမီးတော်စပ်ကြောင်း၊ အခြားအမွေဆက်ခံ ကိတ္တိမမွေးစားခြင်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ၎င်းသာ အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေဆက်ခံသူမရှိကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ မွေးစားမိခင်သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ကိတ္တိမသမီးမွေးစားခြင်းစာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၅)လမ်း၊ မြေကွက်အမှတ်(၂၂၃)မြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၃ ½)ထပ်တိုက်၏ ပထမထပ်(A) (ဝဲဘက်ခန်း) (တိုက်ကိုမျက်နှာမူလျှင် ဝဲဘက်အစွန်ခန်း)၊ (အလျား ၁၂ပေxအနံ၅၀ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွဲ တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များအရ တရားဝင်လက်ရောက်ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ယခုရောင်းချသူ ဦးကျော်ဇေယျာမြိုင်[၁၂/လမန (နိုင်) ၁၂၂၅၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးလင်းဇော်ဌေး [၁၂/လကန(နိုင်)၁၈၃၂၂၆]၊ ဒေါ်နေခြည်ပြည့်ပြည့်ဖြိုး [၁၂/ဥကမ(နိုင်)၁၇၇၃၆၅]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယုနန္ဒာအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၃၉၇)
အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၅၈၂၅၁၂၉

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ငါးမာန်အောင်ဘုရားလမ်းတွင်တည်ရှိသော MYANBAKE CO.,Ltd (Registration No-135384623)မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

MYANBAKE CO.,Ltd သည် မြန်မာနိုင်ငံအတွင်း မုန့်ဖုတ်စက်ပစ္စည်းများ တင်သွင်းရောင်းချခြင်းနှင့် (EV) မော်တော်ယာဉ်ကားများ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းများကို တရားဝင်တည်ထောင်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။ ထိုကဲ့သို့လုပ်ကိုင်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားရှိပြီး ယခုကြေညာသည့်နေ့မှစ၍ ကုမ္ပဏီနှင့်သက်ဆိုင်သော လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ စာချုပ်စာတမ်းချုပ်ဆိုခြင်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စအဝဝတို့ကို ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်ယဉ်မွန်ခန့်[၈/ခမန(နိုင်)၁၇၅၁၉၆]တစ်ဦးတည်းမှသာ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ယဉ်မွန်ခန့်၏ တရားဝင်စာဖြင့်ရေးသားထားသော ခွင့်ပြုချက်မရရှိဘဲ (သို့မဟုတ်) ကိုယ်စားလှယ်လွှဲအပ်ခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ကုမ္ပဏီ၏အမည်ကို အသုံးပြု၍ အထက်ပါအချက်အလက်များအား ပြုလုပ်ပိုင်ခွင့်မရှိကြောင်း၊ ထိုသို့ပြုလုပ်ခဲ့ပါက MYANBAKE CO.,Ltd နှင့် သက်ဆိုင်ခြင်းမရှိဘဲ ဖြစ်ပွားလာမည့်ပြဿနာများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုအား မူလအတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ယဉ်မွန်ခန့် [၈/ခမန(နိုင်)၁၇၅၁၉၆] (Director)
MYANBAKE CO.,Ltd (Registration No-135384623)
09-691792656

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (လေးထောင့်ကန်)၊ ရိပ်သာလမ်း၊ မြေကွက်အမှတ်(၈၇)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အဦမှ ဒေါ်ချိုပြုံး[၁၂/တမန(နိုင်) ၀၈၉၃၂၅]၊ ဒေါ်အေးသန္တာချို [၁၂/မဂတ(နိုင်)၁၀၈၂၄၈]၊ ဦးဝေဖြိုးအောင် [၁၂/မဂတ(နိုင်)၁၀၈၁၁၁]နှင့် ဒေါ်နှင်းဝတ်ရည်ချို [၁၂/မဂတ(နိုင်) ၁၁၇၆၁၇]တို့ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် မြေညီထပ်၊ (ခြေရင်းခန်း/ဘယ်)၊ အခန်းအကျယ်အဝန်း (၁၁ ½ x၄၈)ပေ၊ အမြင့် (၁၂)ပေရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ၎င်းတို့မှ မိမိတို့၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်, LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊
(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ကောလိယလမ်း၊ မြေကွက်အမှတ်(၂၅၈/ခ)၊ မြေပေအကျယ်(၂၀x၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း(၆)ထပ် RC အဆောက်အဦမှ ရောင်းချသူ ဦးစိုင်းမြတ်အောင် [၁၃/တယန(နိုင်)၀၂၇၉၄၇]ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့် ဒုတိယထပ်၊ (၃-လွှာ)၊ အခန်းအကျယ်အဝန်း (၁၈x၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူမှ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်, LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊
(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၀-ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်-၅၈၁၊ (၈-ထပ်တိုက် + Penthouse)၊ အဆင့်မြင့်မီနီကွန်ဒိုအဆောက်အဦ၏ ၂-လွှာ၊ ဒုတိယထပ်၊ အကျယ် (၃၃'x၄၇')ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချသူများဖြစ်သည့် ဦးကျော်ဝင်း [၁၂/လမန(နိုင်)၀၆၄၁၃၂] နှင့် ဒေါ်ချစ်ဖူးဝေ [၁၂/လမန(နိုင်)၁၄၄၇၄၁] ကိုင်ဆောင်သူတို့မှ မိမိတို့ လက်ဝယ်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမီနီကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စမ်းစမ်းဝင်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၅/၂၀၀၄)
တိုက် (၅၀)၊ အခန်း (A-20)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၄၀၈၄၁၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အနောက်ရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ အကွက်အမှတ်(၁၉)၊ ဇရစ်စမ်းမြောက်ကွက်၊ ဦးပိုင်အမှတ် (၇)၊ မြေကွက်အမှတ်(၂၁)၊ ဧရိယာ (၀.၀၈၄) ဧကအကျယ်ရှိမြေမှာ ဂရန်အမှုတွဲအမှတ်-RPNO -016V/2015-2016 အရ ဦးကြည်အေးအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ဦးကြည်အေးနှင့် ဒေါ်ကြည်ကြည်မြင့်တို့မှာ တရားဝင်အကြင်လင်မယားများတော်စပ်ကြ၍ သားသမီးအရင်းအချာများအဖြစ် ဦးသက်နိုင်အေး၊ ဦးထွန်းလင်းအေး၊ ဦးသက်တင်အေးတို့ (၃)ဦးအား မွေးဖွားခဲ့ပါသည်။ ဦးကြည်အေးသည် (၁၉-၁၀-၂၀၂၄) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီးသားဖြစ်သူ ဦးသက်နိုင်အေးမှာလည်း (၂၁-၁၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်စုခိုင်ကျန်ရစ်ခဲ့၍ အထက်ဖော်ပြပါ ဧရိယာ (၀.၀၈၄) ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်စုခိုင်၊ ဦးထွန်းလင်းအေး၊ ဦးသက်တင်အေးတို့ (၄)ဦးမှ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ခိုင်မာသည့် တရားဝင်စာချုပ် စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)	**ဒေါ်ခိုင်သူဇာဝင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ် - ၈၉၄၉/၂၀၁၃)	**(စဉ် - ၉၇၃၄/၂၀၁၄)**
၀၉ - ၄၂၁၀၅၃၁၁၀	**၀၉ - ၄၂၁၀၅၃၁၀၁**

(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊
အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(26-A1)၊ မြေကွက်အမှတ်(၁၈၉)၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၂)၊ ကျိတ်တန်းလမ်း၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးလုစိန်(AA-020401) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်(သက်ကုန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား မြေအမည်ပေါက် (ဖခင်)ဦးလုစိန်နှင့် (မိခင်)ဒေါ်သန်းတင်တို့မှ ဦးစိန်သင်၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်ညိုညိုခင်၊ ဒေါ်ကြူကြူဝင်း၊ ဦးတင်လှိုင်၊ ဦးမျိုးဆင့်၊ ဦးမျိုးဆက်နှင့် ဦးစိန်လွင်တို့ မောင်နှမ(၈)ဦးကို မွေးဖွားခဲ့ပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ မြေအမည်ပေါက် (ဖခင်)ဦးလုစိန်သည် (၉-၆-၂၀၀၆) ရက်နေ့နှင့် (မိခင်) ဒေါ်သန်းတင်သည်(၁၅-၇-၁၉၉၀)ရက်နေ့တို့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့မောင်နှမ(၈)ဦးအနက် သက်ရှိထင်ရှားရှိသူများမှာ ဦးစိန်သင်၊ဒေါ်မြင့်မြင့်အေး၊ ဒေါ်ကြူကြူဝင်းနှင့် ဦးစိန်လွင်တို့ဖြစ်ကြောင်း၊ ကွယ်လွန်သူများမှာ ဒေါ်ညိုညိုခင်၊ ဦးတင်လှိုင်၊ ဦးမျိုးဆင့်၊ ဦးမျိုးဆက်တို့ဖြစ်ကြောင်း၊ ဒေါ်ညိုညိုခင်သည်(၁၈-၉-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူဦးစိန်ဝင်းသည်လည်းကောင်း၊ ဦးတင်လှိုင်သည် (၈-၁၀-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ရင်သန်း သည်လည်းကောင်း၊ ဦးမျိုးဆင့်သည် ဖခင်ဦးလုစိန် မကွယ်လွန်မီ (၉-၉-၂၀၀၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဦးမျိုးဆင့်၏ တစ်ဦးတည်းသောသမီး၊ ဦးလုစိန်၏ တစ်ဦးတည်းသော အမွေမဆိမြေးဖြစ်သူ ဒေါ်မွန်မြတ်သူသည်လည်းကောင်း၊ ဦးမျိုးဆက်သည်(၂၉-၆-၂၀၀၉)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ထားထားမြင့်သည်လည်းကောင်း၊ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အသီးသီးပိုင်ဆိုင်ခွင့်ရှိသူများဖြစ်လာပါကြောင်း၊ ၎င်းတို့(၈)ဦးမှတစ်ပါး အခြားတစ်စုံတစ်ဦးမှ ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်မရှိပါကြောင်း၊ ၎င်းတို့(၈)ဦးသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၁၉၉၂ ခုနှစ်တွင် မြေပုံကူးခြင်းမှာ အဆောက်အအုံဆောက်လုပ်ရန်ဖြစ်ကြောင်း၊ ဦးစိန်သင်[၁/မကန(နိုင်)၀၁၄၈၁၆]၊ ဒေါ်မြင့်မြင့်အေး [၁၂/ကမရ(နိုင်)၀၀၅၂၀၈]၊ ဦးစိန်ဝင်း[၁/ဝမန(နိုင်)၀၃၀၁၁၂]၊ ဒေါ်ကြူကြူဝင်း[၁၂/အလန(နိုင်)၀၀၂၆၉၀]၊ ဒေါ်ရင်သန်း[၁၂/ကမတ(နိုင်) ၀၀၉၉၃၅]၊ ဒေါ်မွန်မြတ်သူ [၁၂/ကမတ(နိုင်)၀၇၀၉၆၀]၊ ဒေါ်ထားထားမြင့် [၁၂/ကမတ(နိုင်)၀၁၃၈၂၈]၊ ဦးစိန်လွင် [၁၂/ကမတ(နိုင်)၀၃၆၃၃၃]တို့က ကမာရွတ်ခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၂၅၅၆/ ၂၀၂၆(၅-၃-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးလုစိန်၊ ဦးမျိုးဆက်တို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်သန်းတင်၏ သေစာရင်းမှတ်တမ်းမှာ ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ (၂-၉-၂၀၂၅) ရက်နေ့စွဲပါအကြောင်းပြန်ကြားစာ၊ ကွယ်လွန်သည်မှာမှန်ကန်ကြောင်း မကျည်းတန်းမြောက်/အရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ (၂၀-၁၁-၂၀၂၅)ရက်နေ့ထောက်ခံချက်၊ ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ (၂၀-၁၁-၂၀၁၅) ရက်နေ့ ထောက်ခံချက်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဦးစိန်သင်၊ ဒေါ်မြင့်မြင့်အေး၊ ဦးစိန်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဒေါ်ရင်သန်း၊ ဒေါ်မွန်မြတ်သူ၊ ဒေါ်ထားထားမြင့်၊ ဦးစိန်လွင်တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

“အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ (ESTELLA TOWN HOUSES)၊ မြေတိုင်းအမှတ်-(၁-ဘီ)၊ မြေကွက်အမှတ်-(၉၂/၅၂၈)၊ Lane-8၊ ETH-586၊ ဧရိယာ(၁၂၇၇)စတုရန်းပေရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးချစ်ဆန်းမောင် [၁၂/ပဘတ(နိုင်)၀၃၂၃၃၆]က မူလ(ဂရန်)အမည်ပေါက် ဦးပြည့်ဖြိုးဟိန်း[၁၂/မဂတ(နိုင်)၀၉၄၁၁၄]နှင့် ဒေါ်ပြည့်ပြည့်ဝင်းထွန်း [၁၂/သဃက(နိုင်)၁၈၂၈၂၅]တို့ထံမှဝယ်ယူထားသော စာရွက်စာတမ်းအထောက်အထားများအားပြသပြီး အရှုပ်အထွေးကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချလိုကြောင်း၊ အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ပြုံးပြုံးခိုင် [၁/ဗမန(နိုင်)၀၃၈၈၁၈]က (၂၃-၉-၂၀၂၆)ရက်နေ့တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ရေးပိုင်ခွင့်/ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ပြုံးပြုံးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုသန္တာဝင်း (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၉၈)
အမှတ်-၁၇၈၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၉၉၂၈၂၆၉၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၈၇)၊ အထူးဇုန်အမှတ် (၂)၊ C-11 (M1-M5)လမ်း၊ မြေကွက်အမှတ်(၃၆၂)၊ ဧရိယာ(၅)ဧက၊ (၁)ယူနစ်အကျယ်ရှိသော ဦးခိုင်ရွှေဝင်း [၁၃/ကမန(နိုင်)၀၈၂၈၈၂]အမည်ဖြင့် စိုက်ပျိုးရေးလုပ်ပိုင်ခွင့်ရရှိထားသော မြေကွက်နှင့်တကွ ယင်းမြေကွက်ကြီးပေါ်ရှိ သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုကမ်းလှမ်းသူ ဦးမေဝါလာလ်[၇/ကတခ(နိုင်)၀၇၈၃၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ
ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)	**ဒေါ်အိအိစံ(စဉ်-၁၀၂၁၈)**	**ဦးမင်းမင်း (စဉ်-၂၇၃၂၀)**
ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)	**ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)**	**ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)**
ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)		

အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း- ၀၉-၅၁၄၃၈၀၂၊ ၀၉-၅၁၈၁၁၈၅

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၉-၂၀၂၆ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၃၁၊ အကွက် ဖ-၁၄၊ ဦးပိုင် ၁၃-က ကြော်ငြာစာတွင် အကွက် ဖ-၁၄၊ ၃-က ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဂရန်မူရင်းပယ်ဖျက်ပြီးကြောင်း အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၂၃၈၊ မြေကွက်တည်နေရာ အမှတ် -၂၃၈၊ သမိန်ဗရမ်းလမ်း၊ ၃၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးအောင်ထူး(၁၂/သဃက (နိုင်) ၀၀၇၄၈၃)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား မြေအမည်ပေါက် ဦးအောင်ထူး(ခင်ပွန်း) ကွယ်လွန်သဖြင့် (ဇနီး) ဒေါ်ထွေးတင် (၁၂/သဃက (နိုင်) ၀၃၀၃၅၉)မှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၅၃၉၇/၂၀၂၀(၃၀-၁၂-၂၀၂၀)ဖြင့် ပိုင်ဆိုင်ပြီး ယင်းမြေ၏ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ခြကိုက်/ပျက်စီး၊ ပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်း၊ အဆိုပါမြေကွက်အား မည်သူ့ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့မရှိပါကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်း ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ပိုင်ဆိုင်စာချုပ်အမှတ်-၅၃၉၇/၂၀၂၀(၃၀-၁၂-၂၀၂၀) တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာ ကြော်ငြာခြင်းများဆောင်ရွက်ခဲ့ရာ ကန့်ကွက်မှုမပေါ်ပေါက်သဖြင့် ဒဂမ/ဂရန်မိတ္တူ-၂၀၂၄/၀၃၈၆၇၅/၂၀၂၄(၁၅-၁၀-၂၀၂၄)ဖြင့် ဒေါ်ထွေးတင် မှ ဂရန်မိတ္တူလျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲ အမှတ်- ဒဂမ/၀၇၁၁-၂၃၁၆/၀၇(၁၉-၈-၂၀၀၉)ဖြင့် မူလထုတ်ပေးထားသည့် ဦးအောင်ထူး (၁၂/သဃက (နိုင်) ၀၀၇၄၈၃)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းအားပယ်ဖျက်ပြီးကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ကြောင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဝင်းမင်းအောင် (ဘ) ဦးရဲညွှန့် [၁၂/ဒဂန(နိုင်)၀၀၁၅၁၃]နှင့် ဒေါ်ခိုင်ခိုင်လွင် (ဘ) ဦးသန်းထိုက် [၁၂/လမန(နိုင်)၁၃၉၃၆၆]တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ကမာရွတ်ခရိုင်တရားရုံးတော်၌ (၁-၁၀-၂၀၂၆) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို တရားဝင် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါသည်။

သို့ပါသောကြောင့် (၁-၁၀-၂၀၂၆) ရက်နေ့မှစပြီး တစ်ဦးနှင့်တစ်ဦး ငွေရေးကြေးရေး၊ လူမှုရေးတို့နှင့်ပတ်သက်၍ မည်သို့မျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းမင်းအောင်နှင့် ဒေါ်ခိုင်ခိုင်လွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမူ (LL.B)	**ဦးကျော်ဇင်ထွန်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၄)	**အထက်တန်းရှေ့နေ (စဉ်-၅၇၂၁၀)**

အမှတ်(၉/၁၀)၊ အခန်း(၃၀၂/F)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၀၀၈၁၂၅၆၊ ၀၉-၄၂၃၄၉၉၇၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၆၅/က-၁၇၊ ဧရိယာ(၀.၀၄၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၆၅/က-၁၇)၊ (၅၂)လမ်းသွယ်၊ သုခလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်(ဦးသန်းမောင်၊ မအေးဆိုင်)အမည်ပေါက် B.လ/န- ၃၉ ရပြီးမြေအား အမည်ပေါက် (ဖခင်)ဖြစ်သူ ဦးသန်းမောင် (ခ) ဦးရဲသန်းသည် (၉-၈-၁၉၉၈)ရက်နေ့တွင် လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်အေးဆိုင် (ခ) ဒေါ်ဆိုင်သည် (၁၈-၁၂-၂၀၀၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပြီး သား/သမီးများဖြစ်ကြသည့် ဦးခင်မောင်ဆင့် [၁၂/လမန(နိုင်)၀၆၀၈၈၈]၊ ဒေါ်သန်းသန်းအေး [၁၂/လမန(နိုင်)၀၆၀၉၄၃]၊ ဒေါ်ရင်ရင်လှ [၁၂/သဃက(နိုင်) ၁၁၈၆၅၆]တို့မှ မိမိတို့မောင်နှမ (၃)ဦးတည်းသာ မိခင်/ဖခင်တို့၏ သား/သမီးများ ဖြစ်ကြောင်း မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် ကိတ္တိမမွေးစားသား/သမီးများလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ မိမိတို့(၃)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း(၁၃-၃-၂၀၂၆) ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်အရောင်းအဝယ်စာချုပ်-၄၉၅/၁၉၅၉ (၁၈-၁၂-၁၉၅၉)မိတ္တူမှန်၊ (ဖခင်)ဖြစ်သူ ဦးသန်းမောင်(ခ)ဦးရဲသန်း သေဆုံးကြောင်း တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊ အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ မိခင်/ဖခင်တို့ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ဒေါ်အေးဆိုင်၏ သေစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၆ ခုနှစ်တွင် ဦးခင်မောင်ဆင့်+၂ တို့မှ မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ (၂၁-၄-၂၀၂၆)ရက်စွဲပါ စာဖြင့် ရှင်းလင်းတင်ပြပါရန် အကြောင်းကြားခဲ့ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ ၂၀၀၆ ခုနှစ်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးပြီးနောက် ဦးခင်မောင်ဆင့်သည် မျက်စိအမြင်အာရုံမကောင်းသောကြောင့် သွားလာရခက်ခဲသည့် အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ထိုစဉ်က ပိုင်ဆိုင်ကြောင်းမြေပုံကူးခြင်းကို ဆက်လက်မဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသောကြောင့် အဆိုပါအမှုတွဲအား ပိတ်သိမ်းခွင့်ပြုပါရန်နှင့် ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိတို့မှပင် အလုံးစုံတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြစာနှင့်အတူ(၂၈-၇-၂၀၂၆)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ၁၀-ရပ်ကွက်၊ ပခုက္ကူလမ်း၊ မြေတိုင်းအမှတ်-သကမ(၂)၊ မြေကွက်အမှတ်(၁၄/က)၊ မြေဧရိယာ (၂၀x၆၀)ပေ မြေငှားဂရန်မူရင်းအမည် ဦးဌေးအောင် [၁၄/ပသန(နိုင်)၁၄၆၂၉၅] ဖြစ်ပြီး ၎င်းကိုယ်တိုင် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့်အကျယ်အဝန်း(၂၀x၆၀)ပေ အိမ်ခြံမြေနှင့် ယင်းမြေပေါ်ရှိ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဲစုဝေလှိုင်ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့် အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သဲစုဝေလှိုင်၏လွှဲအပ်ချက်အရ-
ဦးဝင်းမင်းဖိုလ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၆၈၅၉)
အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊
လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈၁

"နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရီရီခိုင် [၁၂/တမန(နိုင်)၀၈၇၀၈၈]နှင့် ဦးငွေစိုး [၁၂/တမန (နိုင်) ၀၀၆၅၉၃]တို့သည် **(၄-၄-၂၀၀၉)**ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၃၀-၉-၂၀၂၆)ရက်နေ့တွင် နှစ်ဖက်အသိသက်သေများရှေ့တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆို ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ကွာရှင်းပြီးစီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအရပ်ရပ်တို့တွင် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရီရီခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိအေး (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၈၄၃)
အမှတ်(၁၀/၈၃)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၁၀၁၈၁၃

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၅၁)ရပ်ကွက်၊ ဇေယျသိဒ္ဓိလမ်း၊ အမှတ်(၁၅၂)နေ အဖအမည် (ဦးသက်လွင်ညွန့်) [၇/ မလန(နိုင်) ၀၀၀၈၉၆]၊ အမိအမည် ဒေါ်မို့မို့ခိုင် [၈/ ရနခ(နိုင်) ၀၇၄၈၀၇] တို့၏သားဖြစ်သူ မောင်ဟန်မင်းတေဇ [၁၂/ဒဂမ (နိုင်) ၀၅၆၉၀၅]သည် မိခင်နှင့် မိသားစုတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်နှင့်မိသားစုများအား ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုမူ၍ ခွင့်မလွှတ်နိုင်သောအပြုအမူများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး လွန်ခဲ့သော နှစ်လကျော်ခန့်က နေအိမ်မှဆင်းသွားပြီး ပြဿနာများအမျိုးမျိုး ပြုလုပ်နေပါသဖြင့် သားအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ဆွေမျိုးမိတ်ဆွေများအနေဖြင့် ထပ်မံ၍ လက်ခံကူညီခြင်းမပြုပါရန်နှင့် ၎င်းနှင့် ပတ်သက် သော ငွေကြေးအရှုပ်အရှင်းများ၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် မည်သည့်ကိစ္စများကိုမှ ယနေ့ကြော်ငြာသည့်နေ့မှစ၍ မိခင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများနှင့်အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်မို့မို့ခိုင် [၈/ ရနခ(နိုင်) ၀၇၄၈၀၇]

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်- ၁၁၅၊ ဦးပိုင်အမှတ်-၂၇၊ ၂၁x၂၂ကြား၊ ၈၆x၈၇လမ်းကြားရှိ ဒေါ်ခင်ညို အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးထွန်းရွှေ၊ မိခင် ဒေါ်ခင်ညို တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်လှဲ့လှဲ့ဝင်း [၉/မနမ(နိုင်) ၀၄၆၄၆၅]၊ ဦးမြင့်ကိုကို [၉/မနမ(နိုင်)၀၄၆၄၁၄]၊ ဦးခင်မောင်ကြည် [၉/မနမ(နိုင်) ၀၄၆၄၆၁]၊ ဒေါ်ခင်နွယ်ဝင်း [၉/မနမ(နိုင်)၀၄၆၄၆၂]၊ ဒေါ်ညိုညိုထွန်း [၉/မနမ(နိုင်) ၁၂၃၄၅၅]၊ ဦးအောင်ရီမင်း [၉/မနမ(နိုင်)၁၂၃၄၅၆]၊ ဦးစိုးမိုးကျော် [၉/အမဇ(နိုင်)၀၀၇၈၁၅]၊ ဦးအောင်ဇော်မြင့် [၉/အမဇ(နိုင်)၀၀၇၈၁၆]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်-၅၁၄(၁)၊ ဦးပိုင်အမှတ်- ၈၇၊ ၃၅လမ်း၊ ၅၉x၆၀လမ်းကြားရှိ ဦးဆူးမိ (ခ) ဦးရွှေမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဆူးမိ (ခ)ရွှေမြင့်၊ မိခင် MA SHAN FONG (ခ) ရင်ရင်ဝင်းတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများ ဖြစ်ကြသော ဒေါ်အိအိခိုင်[၉/မရမ(နိုင်)၀၇၈၈၂၈]၊ ဦးဇော်ဇော် [၉/မရမ(နိုင်) ၀၇၈၈၂၉]၊ ဦးကျော်ကျော် [၉/မရမ(နိုင်)၀၉၂၀၂၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်- ၇၀၂၊ ဦးပိုင်အမှတ်-၂၃-ခ၊ ၃၄x၃၅ကြား၊ ၇၂x၇၃လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဖခင် ဦးစိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၅၂/၂၀၂၃)ဖြင့် ဒေါ်ရီရီဝင်းပါ-၆ဦးက အမွေဆက်ခံခဲ့ပြီး၊ ၎င်းတို့ထဲမှ ဒေါ်ကြည်ကြည်ဝင်း (အပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်လှလှညွန့် [၉/ခအဇ(နိုင်)၀၆၆၈၉၃]၊ ဦးစိုးအောင်[၉/မရတ(နိုင်)၀၇၄၇၂၉]၊ ဒေါ်ရီရီဝင်း [၉/မရတ (နိုင်)၀၇၄၇၃၀]၊ ဦးလှမြင့် [၉/မရတ(နိုင်)၁၀၆၄၉၉]၊ ဒေါ်ညိုညိုဝင်း [၉/မရတ (နိုင်)၀၇၄၇၈၆]တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ (၆/၁၄)ရပ်ကွက်၊ ဖားအံပန်းခြံလမ်း၊ မြေကွက်အမှတ်(၂၄၃/က)၊ ဧရိယာ(၀.၀၃၇)ဧက၊ အကျယ်အဝန်း(၂၇ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်လှထွေး (ISN-၀၈၅၅၆၈) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီခိုင် [၁၂/အစန(နိုင်)၀၁၆၅၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေများ)ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၃၀၀)
အမှတ်(၁၆/ခ)၊ ရန်ကုန်ပန်းခြံလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 09-420058553, 09-79466954

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

